# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၀၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

## ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်

## ခေတ်အဆက်ဆက်တွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့

နေပြည်တော် အောက်တိုဘာ ၁

**(၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**



အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများ၊ အငြိမ်းစား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖




### စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတု ဆေးဝန်ထမ်းတပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**ယနေ့ ဖတ်စရာ**

စားသုံးဆီနဲ့ စက်သုံးဆီ ချွေတာကြမယ်ဆိုရင် — ဆောင်းပါး — စာ - ၁၆

ဘာရာဇီး၌ အလုပ်လက်မဲ့နှုန်း ခုနစ်နှစ်ကာလအတွင်း အနိမ့်ဆုံးကျဆင်း — နိုင်ငံတကာသတင်း — စာ - ၁၈

မြေပဲဆန်အသစ်များ လှိုင်လှိုင်ဝင်ရောက်လာသဖြင့် ပဲဆီတစ်ပိဿာ ကျပ် ၁၁၀၀၀ အထိ ဈေးကျလာ — စိုက်၊ မွေး၊ စီးပွား — စာ - ၂၀

# အကြမ်းဖက်ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုကို ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချ

CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများက တစ်နိုင်ငံလုံးတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်ခဲ့ချိန်မှစ၍ စစ်ဘက်နှင့်မဆိုင်သော လမ်း၊ တံတား၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံများ ဖျက်ဆီးခံခဲ့ရသလို ရဟန်း၊ သံဃာတော်၊ သီလရှင်များ၊ အစိုးရဝန်ထမ်းများနှင့် အရပ်သားများပါ လုပ်ကြံသတ်ဖြတ်ခံခဲ့ကြရသည်။

PDF အမည်ခံ အကြမ်းဖက်အုပ်စုများ၏ အရပ်ဘက်ပစ်မှတ်များကို အကြောင်းမဲ့တိုက်ခိုက်မှုများတွင် ခရီးသည်တင်မော်တော်ယာဉ်များ၊ ခရီးသည်တင်ရထားများ စသည့်အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်မှုများအပြင် လူမှုရေးအသင်းအဖွဲ့များ၏ လူနာတင်ယာဉ်များကိုလည်း အလွတ်မပေးခဲ့။ လေကြောင်းလိုင်းတစ်ခု၏ လေယာဉ်များကို ပျက်ကျစေရန် ရည်ရွယ်လျက် Pitot Tube များတွင် သစ်ရွက်များ လိပ်၍ ထည့်ခဲ့သည့်အပြင် လေယာဉ်ဘီးမူလီနှင့် အင်ဂျင်ပါဝါလီဘာရှိ ဘိုးနပ်များလျှော့ထားရန် စီစဉ်ခဲ့ခြင်းစသည့် ရက်စက်ယုတ်မာသော လုပ်ရပ်မျိုးကိုလည်း ပြုလုပ်ခဲ့ကြဖူးသည်။

စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အရပ်ဘက်လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခံရသည့်ဖြစ်စဉ်တွင် အဆိုပါလေယာဉ်သည် လေယာဉ်ကွင်း၏ မြောက်ဘက်တွင်ရှိသည့် PDF, KNPP အကြမ်းဖက်သောင်းကျန်းသူများနေသည့် နေရာကိုဖြတ်၍ ပျံသန်းစဉ် အောက်မှနေ၍ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ပစ်ခတ်မှုကြောင့် လေယာဉ်၏ ဝမ်းဗိုက်ပိုင်းကို ကျည်ထိမှန်ဖောက်ထွက်ကာ လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်ရာ ယင်းကိစ္စအပေါ် ပြည်ဖျက်မီဒီယာများက သတင်းအလွဲအမှားများဖြင့် ပုံဖျက်၍ လိမ်ညာဖုံးဖိပေးခဲ့ကြပြီး PDF အကြမ်းဖက်အဖွဲ့များကို လက်ခံထားသည့် KNPP အဖွဲ့ကလည်း မျက်စိစုံမှိတ်နားကိုပိတ်၍ ငြင်းချက်ထုတ်ခဲ့သည်။ မပြေးသော်ကန်ရာရှိ ဆိုသည့်နှယ် မြေပြင်တွင် ၎င်းတို့သာရှိနေသည့် နေရာပေါ်မှ ပျံသန်းစဉ် ပစ်ခတ်ခံရခြင်းဖြစ်ရာ မျက်စိစုံမှိတ်၍ ငြင်းမည်ဆိုလျှင်ပင် အနည်းဆုံးကိုယ့်လူကိုယ် စုံစမ်းမေးမြန်းမှုတို့ ပြုလုပ်ဖို့ မဖြစ်မနေလိုအပ်မည်သာဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ အရပ်ဘက်ပြည်သူများ၏ အသက်အန္တရာယ်ကို အစုလိုက် အပြုံလိုက် ဖြစ်ပွားစေသည့်အန္တရာယ်ရှိသည့် မိုက်မိုက်ကန်းကန်း ကျူးလွန်မှုကိုမူ ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာရေးကို လိုလားသည့် ပြည်သူလူထုနှင့် အဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလျက် ရှိကြပါကြောင်း။ ။

# ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ


ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည် ထွက်ခွာသွားကြသည်။

အဆိုပါ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်ရှိ Horizon Lake View Resort မှလည်းကောင်း၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (ND-AA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှလည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် အသီးသီးပြန်လည်ထွက်ခွာကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာစာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း Horizon Lake View Resort နှင့် နေပြည်တော်လေဆိပ်တို့၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။


ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

သတင်းစဉ်

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**
ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ပူတာအိုမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နှင့် မိုင်းနောင်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



❖ *ရှေ့ဖုံးမှ*

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေတို့က (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅) နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဂုဏ်ယူဖွယ်ရာ နေ့ထူး၊ နေ့မြတ်ဖြစ်**

ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ (၇၅) နှစ်မြောက် စိန်ရတုဆေးဝန်ထမ်း တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ ပေါက်ဖွားလာခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ (၇၅) နှစ်မြောက် စိန်ရတု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

ဆေးဝန်ထမ်းတပ်ဖွဲ့နေ့ အခမ်းအနားဖြစ်ကြောင်း၊ စိန်ရတုတိုင်အောင် ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် အလွန်ဂုဏ်ယူဖွယ်ရာ နေ့ထူး၊ နေ့မြတ်ဖြစ်သည်ဟု ဦးစွာပြောကြားလိုကြောင်း။

အောင်ဆန်း-အက်တလီ စာချုပ်အရ လွတ်လပ်ရေးရရန် နီးကပ်လာသည့်အချိန်၌ လွတ်လပ်ပြီးစ မြန်မာနိုင်ငံအတွက် ဆေးတပ်ဖွဲ့တစ်ခုကို စနစ်တကျဖွဲ့စည်းရန် လိုအပ်လာခဲ့ပါကြောင်း၊ ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာ့တပ်မတော် ဆေးဘက်ညွှန်ကြားရေးမှူးရုံးကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေး ကြိုးပမ်းခဲ့သည့် မြန်မာ့တပ်မတော်အတွက် စတင်ဖွဲ့စည်းခဲ့သည့် ဆေးဘက်ညွှန်ကြားရေးမှူးရုံး ဖွင့်လှစ်သည့်နေ့ကို ဆေးဝန်ထမ်းတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ပြီး စတင်ဖွဲ့စည်းခဲ့သည့်နေ့မှ စတင်ရေတွက်လိုက်မည်ဆိုပါက ယနေ့သည် နှစ်ပေါင်း ၇၅ နှစ် တင်းတင်းပြည့်ခဲ့သည့် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ ဖြစ်သည့်အတွက် အင်မတန်ဂုဏ်ယူစရာကောင်းသည့် နေ့ထူးနေ့မြတ်ကြီးတစ်ခုဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်နည်းတူ လွတ်လပ်ရေးရပြီးကာလများတွင်လည်း တိုင်းပြည်တာဝန်ကို ကျရာကဏ္ဍမှ ထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းတစ်လျှောက် သာဓကများစွာ တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

တပ်မတော်၏ စစ်ဆင်ရေးများဖြစ်သည့် အင်းစိန်တိုက်ပွဲ၊ တရုတ်ဖြူကျူးကျော်မှုမှစ၍ စစ်ဆင်ရေးများအထိ တိုက်ပွဲပေါင်း၊ စစ်ဆင်ရေးပေါင်းများစွာ၌လည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စွမ်းစွမ်းတမံကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြရာတွင် ဗိုလ်ကြီး သူရမွန်ထော်သက်ညွန့်ကဲ့သို့ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့ကြသည့် ထူးချွန်သူပေါင်းများစွာကိုလည်း ဆေးတပ်ဖွဲ့သမိုင်းတစ်လျှောက်တွင် များစွာတွေ့မြင်ခဲ့ရပြီး ဖြစ်ပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် စစ်မြေပြင်ဆေးအကာအကွယ်ပေးရေး တာဝန်များသာမက အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကိုလည်း တပ်မတော်ဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း။

**ဆေးရုံသုံးရုံရှိခဲ့ပြီးဖြစ်**

တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ခဲ့ရာတွင် ယခုအချိန်၌ ကျောက်ကပ်အစားထိုး ကုသနိုင်သော ဆေးရုံ လေးရုံ၊ အသည်းအစားထိုးကုသပေးနိုင်သော ဆေးရုံ တစ်ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သောဆေးရုံ လေးရုံ၊ နှလုံးခွဲစိတ်ကုသနိုင်သော ဆေးရုံ နှစ်ရုံနှင့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသနိုင်သော

*စာမျက်နှာ ၄ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေတို့က (၇၅) နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ အဆင့်မြင့် (၈)ထပ်ဆေးရုံအဆောက်အဦသစ် အထူးကုသမှုစင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**■ တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ခဲ့ရာတွင် ယခုအချိန်၌ ကျောက်ကပ်အစားထိုးကုသနိုင်သော ဆေးရုံ လေးရုံ၊ အသည်းအစားထိုးကုသပေးနိုင်သော ဆေးရုံတစ်ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သော ဆေးရုံလေးရုံ၊ နှလုံးခွဲစိတ်ကုသနိုင်သော ဆေးရုံနှစ်ရုံနှင့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသနိုင်သော ဆေးရုံသုံးရုံတို့ရှိခဲ့ပြီးဖြစ်**

**■ မကြာသေးမီက မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ပြောကြားလို**

*စာမျက်နှာ ၃ မှ*

ဆေးရုံ သုံးရုံတို့ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခါတွင် တပ်မတော်အနေဖြင့် နှလုံးနှင့် ဦးနှောက်ခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောအား Stent ထည့်ကုသခြင်း၊ နှလုံးခုန်နှုန်းထိန်းညှိစက် ထည့်သွင်းခြင်း၊ ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ ရင်ခေါင်းခွဲစိတ်ကုသခြင်းစသည့် အဆင့်မြင့်ပြုစုကုသမှုများကို နိုင်ငံတကာနည်းတူ ဆောင်ရွက်လာနိုင်သည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မကြာသေးမီက မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

**ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး**

ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအခါတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပါက တပ်မတော်အနေဖြင့် လက်လှမ်းမမီသည့်ဒေသ၊ လက်လှမ်းမမီသည့် ကုသမှုအမျိုးအစားများ မရှိသလောက်ဖြစ်နေပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှု၊ လက်ဆင့်ကမ်းပညာအမွေများ ပေးခဲ့ကြသည့် ဆေးပညာရှင်ကြီးများ၏ ကျေးဇူးများကြောင့်ပင် ဖြစ်ပါကြောင်း၊ ထို့အတွက် ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် ဆရာဝန်၊ သူနာပြုများကို မွေးထုတ်နိုင်ရေးကိုလည်း လွတ်လပ်ရေးရပြီးစကာလကပင် ကြိုးပမ်းခဲ့သည်ကို တွေ့ရပါကြောင်း၊ အထင်ရှားဆုံးမှာ တပ်မတော်တစ်ရပ်လုံး၌ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်နိုင်ရေးအတွက် ၁၉၅၂ ခုနှစ်တွင် ဆေးဘက်ဌာနချုပ်နှင့် လေ့ကျင့်ရေးတပ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထိုတပ်သည် နောင်အခါတွင် ဗဟိုဆေးတပ်အမည်ဖြင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးကို နှစ်ပေါင်းများစွာ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်၌ တပ်မတော်ဆေးဘက်ဆိုင်ရာ ပညာသင်ကျောင်းအနေဖြင့် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

တပ်မတော်အတွက် လိုအပ်သည့် ဆရာဝန်နှင့် သူနာပြုများကို မွေးထုတ်ပေးနိုင်ရေးကိုလည်း ဆေးဝန်ထမ်းတပ်ဖွဲ့သည် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ စစ်ပညာသာမက ဆေးသိပ္ပံပညာများကိုပါ ကျွမ်းကျင်သည့် စစ်သူနာပြုများကို မွေးထုတ်နိုင်ရေးအတွက် စစ်သူနာပြုသင်တန်းတပ်ဆွယ် (Nurses Training Wing) ကို ၁၉၅၉ ခုနှစ်၌ အမှတ်စဉ် ၁ ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း အမှတ်စဉ် ၁၆ အထိ ဖွင့်လှစ်နိုင်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ အလားတူ ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် လိုအပ်သည့် ဆရာဝန်များကိုရရှိနိုင်ရေး ပြည်သူ့စစ်မှုထမ်း(ဆေးမှူး) ဆရာဝန် {National Service (Medical Officer)} သင်တန်းကိုလည်း ဖွင့်လှစ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထိုကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးလျက်ရှိရာမှ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း၌ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့ကို အဆင့်ဆင့်ဖွင့်လှစ်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်ပြီဖြစ်ပါကြောင်း။

**များစွာအထောက်အကူပြု**

ထိုကဲ့သို့ လူငယ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနိုင်ခြင်းသည် ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သကဲ့သို့ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာ၌လည်း များစွာအထောက်အကူပြုလျက်ရှိသည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်သွားကြမည့်သူများ ဖြစ်သည်ကိုလည်း အလေးအနက်ထား ယုံကြည်ပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပါအဝင် တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အခါတွင် သာမန်အချိန်များ၌သာမက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အချိန်များ၌လည်း ရှေ့တန်းမှ ပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂစ်နှင့် ဂီရိဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးသည့်နောက် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ တာလေ

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးကုသမှုစင်တာအတွင်း တပ်မတော်၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သည့် လူနာတစ်ဦးကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

လျောင်နှင့် မိုးသည်းထန်မှုကြောင့် ရေဘေးကြုံတွေ့ရသည့် ဒေသခံများကိုလည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် **“စေတနာ အကြင်နာ ဘေးကင်းကွာ”** ဟူသည့်ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါကာကွယ်မှုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့၏ ထူးခြားချက်တစ်ခုမှာ စစ်ဆင်ရေးနယ်မြေသို့ရောက်သည့် အခါတိုင်းတွင် ဒေသအတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်ကျိုးမဖက် ဆောင်ရွက်ပေးခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ဆေးဝန်ထမ်း တပ်ဖွဲ့အနေဖြင့် ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသည့်နည်းတူ နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုကို ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နယ်လှည့် ဆေးကုသမှုလုပ်ငန်းများကိုလည်း ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် တိုးမြှင့်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်လာခဲ့ပါကြောင်း။

တပ်မတော် ဆေးရုံ/ ဆေးတပ် ၆၇ ခုနှင့် ကိုဗစ် ကုသမှု စင်တာ ၅၄ ခုတို့ကို ဖွင့်လှစ်ပြီး ပြည်သူလူထု ကိုလည်း ကုသမှုများပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ ကုသပေးခဲ့ရာတွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အထိ ကိုဗစ်အတည်ပြု လူနာ သံဃာတော် ၁,၅၀၅ ပါး၊ သီလရှင် ၁၀၈ ပါး၊ အရပ်သား ၁၆,၀၅၄ ဦး နှင့် နိုင်ငံခြားသား ၁၃၅ ဦး၊ စုစုပေါင်း ၁၇,၈၀၂ ဦးကို ပြုစုစောင့်ရှောက်မှုပေးနိုင် ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၏ လိုအပ်ချက်အရ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို လွှဲပြောင်း တာဝန်ပေးနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါကြောင်း။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေး**

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့အတွင်း ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ၊ နည်းပညာများ မြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့်အခါတွင် အာဆီယံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ စစ်ဘက်ဆေးတက္ကသိုလ်များညီလာခံ (International Conference of Military Medical Schools – ICMMS) နှင့် နိုင်ငံတကာစစ်ဘက် ဆေးပညာဆိုင်ရာကော်မတီ (International Committee of Military Medicine – ICMM) များသို့လည်း တက်ရောက်ပြီး နိုင်ငံတကာရှိ စစ်ဘက်ဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စဉ်ဆက်မပြတ်ရေး ရည်မှန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်ရှိသည့် ဆေးတပ်ဖွဲ့များနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိလာစေရန်အတွက် ရုရှားနိုင်ငံတွင် နှစ်စဉ်ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြသည့် တပ်မတော်မှ ပါရဂူကြီးများနှင့် ဆေးမှူးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

လျက်ရှိသည့် ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများကို လည်း ၂၀၁၈ ခုနှစ်မှစပြီး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ လတ်တလောအနေဖြင့် ၂၀၂၂ ခုနှစ်၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာအားကစားပြိုင်ပွဲ (International Army Game) တွင် ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ (Medical Rally) အသင်းအနေဖြင့် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းရှိသည့်အနက် အဆင့်(၄)နေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

**“ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်”** ဟူသည့် ဆေးတပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် တပ်မတော်သားများ အစဉ်ထာဝရကြံ့ခိုင်ပြီး တိုက်စွမ်းရည်များ ပြည့်ဝနေစေရန် ဆောင်ရွက်ကြရသည့် တပ်ဖွဲ့တစ်ခုပင်ဖြစ်ပါကြောင်း၊ တပ်မတော်သားများအပြင် မိသားစုဝင်များကို နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ အဆင့်အတန်းမရွေး ပြည့်စုံလုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုပေးရန် တာဝန်လည်းရှိသည်ဟု ပြောလိုပါကြောင်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် (၇၅)နှစ်တာကာလအတွင်း တပ်မတော်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်ရွှေရတုတံဆိပ်ရရှိခဲ့သူ ၇၇၂ ဦး၊ တပ်မတော်စိန်ရတုတံဆိပ်ရရှိခဲ့သူ ၂,၆၀၃ ဦး ရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း နိုင်ငံ့ဂုဏ်ရည်ဘွဲ့၊ လွတ်လပ်ရေး မော်ကွန်းဝင်တံဆိပ်၊ စည်သူဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သိပ္ပကျော်စွာဘွဲ့များ အပါအဝင် နိုင်ငံတော်အဆင့် ထူးချွန်ဘွဲ့တံဆိပ်ရရှိခဲ့သူပေါင်း ၁၅၂ ဦး ရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ လိုအပ်သည့် အချိန်တိုင်းတွင်လည်းကောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ကုသမှုများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ၇၅ နှစ်တာကာလအတွင်း စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့ကြသည့်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ဆေးမှူး၊ ပါရဂူများနှင့် သူနာပြုများအားလုံးကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်းကို အလေးထား ပြောကြားလိုကြောင်း။

**စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့**

မြန်မာ့တပ်မတော်၏ ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့်သူများသည် ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း (၇၅) နှစ်တာကာလအတွင်း၌ အကြိမ်ကြိမ် သက်သေပြခဲ့ပြီးဖြစ်ကြောင်း။

ရှေ့ဆက်၍လည်း ယင်းအစဉ်အလာကောင်းများကို နောင်လာနောက်သားတို့အား လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းကြပြီး စိန်ရတုကာလ ပြည့်မြောက်ခဲ့သည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် မာကျောကျစ်လှစ်ခိုင်မာပြီး တန်ဖိုးရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့အဖြစ် ထိန်းသိမ်းကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခုထက်မက ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဆေးဝန်ထမ်း တပ်ဖွဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်က ဆေးဝန်ထမ်း တပ်ဖွဲ့သမိုင်း အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက (၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ။

ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် အငြိမ်းစားဆေးဝန်ထမ်း တပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သည့် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ အဆင့်မြင့် (၈)ထပ် ဆေးရုံအဆောက်အဦသစ်၊ အထူးကုသမှုစင်တာဖွင့်ပွဲသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အထူးကုသမှု စင်တာအဆောက်အဦသစ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထူးကုသမှုစင်တာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး အစည်းအဝေးခန်းမတွင် အဆင့်မြင့် (၈)ထပ်ဆေးရုံ အဆောက်အဦသစ်၊ အထူးကုသမှုစင်တာ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တပ်မှူးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံရေရှည်တည်တံ့ ကောင်းမွန်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး စနစ်တကျအသုံးပြုရန်နှင့် ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် လေဝင်လေထွက်များ ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျ စွန့်ပစ်ရန်လိုကြောင်း၊ လူနာများအတွက် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ အမြဲကောင်းမွန်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လူနာများကို စနစ်တကျကျွေးမွေးရန်လိုသကဲ့သို့ တာဝန်ကျကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးရန် လိုကြောင်း လမ်းညွှန်မှာကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အထူးကုသမှုစင်တာ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးကုသမှုစင်တာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယနေ့ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် တပ်မတော်၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာများကို ကြည့်ရှု၍ အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် တပ်မတော်မှ ပါရဂူကြီးများနှင့် ဆေးမှူးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

## မွေးမြူရေးလုပ်ငန်းများကို သိပ္ပံနည်းကျ ကျစ်ကျစ်လျစ်လျစ် စနစ်တကျဖြင့်ဆောင်ရွက်ပြီး ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးအနီးရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (၂၆)မိုင် ဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

### ရှင်းလင်းတင်ပြ

ဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်တို့က (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ နို့စားနွား၊ အသားတိုးနွား၊ ဒေသနွား မွေးမြူထားရှိမှုနှင့် နွားစာမြက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ကျောက်စိမ်းဖီးကြမ်း ငှက်ပျောစိုက်ပျိုးထားရှိမှု၊ အရိပ်ရလေကာပင် မန်ကျည်းပင်ရှား စိုက်ပျိုးထားရှိမှု၊ ရော်ဘာပင်များစိုက်ပျိုးထားရှိမှုနှင့် အရွယ်ရောက်ပြီး ရော်ဘာပင်များအား ၂၀၂၁-၂၀၂၂ အစေးခြစ်ရာသီတွင် စမ်းသပ်အစေးခြစ် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ သီလဝါဘက်စုံစိုက်ပျိုး မွေးမြူရေးဇုန်အတွင်း ကာကီကင်းဘဲ၊ ဒေသဥစားဘဲများ မွေးမြူထားရှိမှု၊ ငါးမျိုးစုံမွေးမြူထားရှိမှု အခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့် အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် ထုတ်ကုန်ပစ္စည်းများကို တပ်မတော်သား မိသားစုဝင်များနှင့် ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### မွေးမြူရေးဇုန်များတိုးချဲ့ရန်လို

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်တို့နှင့် ရန်ကုန်တိုင်းဒေသကြီး၏ စားရေးလိုအပ်ချက်များကို အသေးစိတ် မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေနှုန်းထားနှင့် တစ်နေ့လျှင် လိုအပ်မည့် အသား၊ ငါးနှင့် ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် လိုအပ်ချက်ကို တွက်ချက်၍ လိုအပ်ချက်များ ပြည့်မီစွာ စားသုံးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးဇုန်များမှ ပြည့်ဝစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာပြင်ပ မြို့နယ်များတွင် ထပ်မံတိုးချဲ့သွားရန် လိုကြောင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းမှ စီးဝင်မှုများနှင့်လည်း မထိခိုက်အောင် ချိန်ဆဆောင်ရွက်ရန် လိုကြောင်း၊ အစိုးရ၊ တပ်မတော်တို့အပြင် ပုဂ္ဂလိကစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အားပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လျှပ်စစ်၊ ရေနှင့် မွေးမြူရေးအစာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် လိုကြောင်း၊ ရန်ကုန်မြို့နေပြည်သူလူထုများ အသား၊ ငါးနှင့် ဥအမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စားသုံးမှုလိုအပ်ချက်ကို ပြည့်မီအောင် ဒေသတွင်းမှ ထုတ်လုပ်နိုင်ရမည် ဖြစ်ကြောင်း၊ တပ်မတော်မှလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကာ မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေများကို ထုတ်ပေးသွားမည် ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို သိပ္ပံနည်းကျ ကျစ်ကျစ်လျစ်လျစ် စနစ်တကျဖြင့် ဆောင်ရွက်ပြီး ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

### မွေးမြူရေးစနစ်တကျဆောင်ရွက်

လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဆိုလာစနစ်ဖြင့် ထုတ်ယူနိုင်ရေး ဆောင်ရွက်ရန်လိုပြီး ရရှိလာသည့် လျှပ်စစ်ဓာတ်အားဖြင့် မွေးမြူရေးခြံများအတွက် လျှပ်စစ်ဓာတ်အားပေး စနစ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ အခြားသော အုပ်ချုပ်မှုလုပ်ငန်းများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အသားတိုးနွားများနှင့် ဒေသမျိုးရင်းနွားများ မွေးမြူမှုကို သီးခြားစီဆောင်ရွက်ရန်လိုပြီး အစာကျွေးမွေးမှုမှအစ စနစ်တကျဖြင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နွားစာမြက် စိုက်ခင်းများအပြင် ပြောင်းကိုလည်း စိုက်ပျိုး၍ရနိုင်ပြီး ပြောင်းပင်များကို ပြောင်းချဉ်ဖတ်ပြုလုပ်၍ တိရစ္ဆာန်အစာအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၏ မူလအဓိက ရည်ရွယ်ချက်သည် ပြည်တွင်း ရော်ဘာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဖြစ်သည့်အတွက် ရော်ဘာထုတ်ကုန်စက်ရုံများ၏ လိုအပ်ချက်များ ပြည့်မီစေရေး ရည်မှန်းချက်ထား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဇုန်အတွင်း ရော်ဘာစိုက်ပျိုးရန် သတ်မှတ်ပေးထားသည့် မြေနေရာများ၌ ရော်ဘာကိုသာ အတတ်နိုင်ဆုံး စိုက်ပျိုးရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဘဲမွေးမြူရေးနှင့် ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့် အချိန်ကာလတို့ကို စနစ်တကျ တွက်ချက်ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှုမရှိစေရေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဘဲမွေးမြူရေး လုပ်ငန်းများကို ယခုထက် ပိုမိုအောင်မြင်စေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုဆောင်ရွက်၍ ဒေသမျိုးရင်းဘဲများကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက် လိုအပ်ချက်အပေါ် မူတည်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ နို့စားနွား၊ အသားတိုးနွား မွေးမြူထားရှိမှု၊ အစာစက် စက်ရုံနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❍ *ကျောဖုံးမှ*

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး တာဝန်ထမ်းဆောင်ရင်းကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များ အား အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ငြိမ်သက်ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်း**

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခဲ့ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့ဟုခေါ်ဝေါ် သတ်မှတ်ခဲ့သည့်အပြင် ရဲတပ်ဖွဲ့နေ့အဖြစ်လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"** ဟူသည့်ဦးထိပ်ပန်ဆင်ထားသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါပြောင်းလဲလာအောင် နှစ်အလိုက် အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာရာ ယခုဆိုလျှင် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်အဆက်ဆက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက်တာဝန်(၄) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ တည်ဆဲဥပဒေများ၊ ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများ အပါအဝင် အမျိုးမျိုးသော မှုခင်းများကိုကြည့်လျှင် မှုခင်းဖြစ်ပွားမှုများပြားခြင်း၊ လျော့နည်းခြင်းဆိုသည့် အကြောင်းတရားများသည် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရေးနိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့်ဆက်နွှယ်နေသည့်အတွက် လက်ရှိကျင့်သုံးနေသော ဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့ အပေါ်၌သာ မှီခိုအားထားခြင်းတစ်ခုတည်းနှင့် မလုံလောက်တော့ဘဲ ရဲတပ်ဖွဲ့နှင့်အတူ တရားရေးကဏ္ဍမှစ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးတို့ကလည်း ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်သည်ကို တွေ့ရကြောင်း။

**ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်**

ထို့ပြင် ကမ္ဘာတစ်ဝန်း၌ သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော လုံခြုံရေးဆိုင်ရာ ပြဿနာများ ရင်ဆိုင်နေရပြီး နိုင်ငံဖြတ်ကျော်မှုခင်းများသည် အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုတည်းဖြင့် ဖြေရှင်းနိုင်သည့် ပြဿနာမဟုတ်တော့ဘဲ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရမည့် မှုခင်းပြဿနာမျိုးများဖြစ်လာကြောင်း၊ အကြမ်းဖက်မှုအန္တရာယ်သည် နိုင်ငံဖြတ်ကျော်မှုခင်းပုံစံအားလုံးနှင့် ချိတ်ဆက်မှုရှိနေသည့်အတွက် သာမန်မှုခင်းမှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုခဲ့ပြီး အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ အာဖရိကရဲအဖွဲ့ စသည်ဖြင့် ဒေသဆိုင်ရာရဲအဖွဲ့များ ဖွဲ့စည်းခဲ့ကာ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြကြောင်း။

အထူးသဖြင့် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာနှင့် ချိတ်ဆက်၍ တားဆီးနှိမ်နင်းခြင်း၊ ထိရောက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊

- ❖ **မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်အဆက်ဆက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့**
- ❖ **တစ်မျိုးသားလုံး လူညွန့်တုံးစေပြီး နိုင်ငံအတွက်အန္တရာယ်ကြီးမားသည့် အမျိုးမျိုးသော မူးယစ်ဆေးဝါးများကို တားဆီးကာကွယ်ကြရာတွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ကြစေလို**
- ❖ **ခေတ်မီဆက်သွယ်ရေးစနစ်များကိုအသုံးပြု၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်**

ပြဿနာတစ်ခုကဲ့သို့ ရှုထောင့်တစ်ခုတည်းကသုံးသပ်ဖြေရှင်း၍မရတော့ဘဲ ကဏ္ဍပေါင်းစုံမှ ရှုမြင်သုံးသပ်ပြီး ပြည်တွင်း/ပြည်ပ ဆက်စပ်အဖွဲ့များအားလုံးနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ပြဿနာအရင်းအမြစ်ကို ဖော်ထုတ်ဖြေရှင်းရသည့် အခြေအနေများလည်း ဖြစ်လာခဲ့ကြောင်း။

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူသားလုံခြုံရေးအတွက်လည်း ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ Globalization ခေတ်တွင် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်မှုများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်ရန်ခက်ခဲပြီး နိုင်ငံများအကြား အပြန်အလှန်ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်တုံ့ပြန်မှုများနှင့်သာ ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) ကို ၁၉၅၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာနိုင်ငံမှ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၁၉၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ရဲတပ်ဖွဲ့များအကြား အပြန်အလှန် သတင်းအချက်အလက်ဖလှယ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဖြတ်ကျော်ဂိုဏ်းအဖွဲ့နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်များ၊ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ညှိနှိုင်းအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်း။

**မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေး**

ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်း နေရသည့် အရေးကြီးပြဿနာတစ်ရပ်မှာ မူးယစ်ဆေးဝါးပြဿနာဖြစ်ကြောင်း။ ယနေ့နိုင်ငံတကာ၌ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းကြရာတွင် နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာ၊ ပထဝီ မြေအနေအထားတို့အပေါ်အခြေခံပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာခံစားခဲ့ရခြင်းကြောင့် နိုင်ငံတော်အစိုးရ အဆက်ဆက်သည် မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဥပဒေအခန်း(၄)၊ ပုဒ်မ(၇) အရ ခေတ်စနစ်နှင့်လျော်ညီစွာ ဖြစ်စေရေးအတွက် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးပြဿနာဆိုင်ရာ အထူးအစည်းအဝေး၏လုပ်ငန်း အကြံပြုချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်တွင် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ကိုလည်း ၁၉၉၈ ခုနှစ်မှစတင်ဖွဲ့စည်းပေးထားပြီးဖြစ်သည့်အတွက် ထိန်းချုပ်ဓာတုပစ္စည်းများကို တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာ လမ်းလွဲသို့ မရောက်ရှိစေရေး အလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အနီးကပ်ပူးပေါင်း ဆောင်ရွက်**

မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ အမေရိကန်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ တရုတ်နိုင်ငံအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) တို့နှင့်လည်း အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ် ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစည်းအဝေးများဖြစ်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASOD)၊

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု ကွန်ရက် အစည်းအဝေး (ADMN) တို့သို့ ပါဝင် တက်ရောက် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း။

**တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အာဆီယံအဖွဲ့က ချမှတ်ပေးသော ဘေးကင်း လုံခြုံသည့် လူမှုအဖွဲ့အစည်းဖြစ်စေရေး၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)တို့၌လည်း ပွင့်လင်းမြင်သာစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်နိုင်ရန် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှစ်နိုင်ငံသဘောတူညီချက်များ(LoA)၊ နားလည်မှုစာချွန်လွှာများ (MoU) လက်မှတ်ရေးထိုးထားပြီး ကုလသမဂ္ဂဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံကြီးအချို့နှင့်လည်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများကို အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများကိုအခြေခံလျက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ အနက်မှ လုပ်ဆောင်ချက်တစ်ရပ်ကိုလည်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသို့ အသိပေးပြောကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

ထို့ပြင် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာလမ်းကြောင်းများ ပြောင်းလဲမှုအပေါ်သုံးသပ်၍ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး နှစ်ကြိမ် ဆောင်ရွက်ခဲ့နိုင်ကြောင်း၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုပါက ၂၀၂၁ ခုနှစ်အတွင်း တန်ဖိုးငွေကျပ် ၉၇၀ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၀၆ ဒသမ ၄၃၀၆ သန်း) နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ၆ လကျော်ကာလအတွင်း တန်ဖိုးငွေကျပ် ၇၀၈ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၃၈၃ ဒသမ ၁၁၉ သန်း)ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော အဖွဲ့များ၏ လုပ်ဆောင်ချက်ကောင်းမွန်မှုနှင့် တာဝန်ကျေပွန်မှုတို့ကြောင့်ဖြစ်ပြီး ရှေ့ဆက်လက်ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်ကိုသစ္စာရှိရှိ ကျေပွန်စွာထမ်းဆောင်ကြမည်ဟူသည့် ဝန်ထမ်းကောင်း စိတ်ဓာတ်များဖြင့် ဆက်လက်တာဝန်ထမ်းဆောင်စေလိုကြောင်း။

**ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြစေလို**

၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် (၃၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများကို မန္တလေး၊ ရန်ကုန်နှင့်တောင်ကြီးမြို့များတွင် ကျင်းပခဲ့၍ တန်ဖိုးငွေကျပ် ၁၁၈၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀၈ သန်း)ခန့် မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ တစ်ဖက်တွင် တရားမဝင်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအတွက်လည်း ထိရောက်မှုတစ်ခုအဖြစ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံး လူညွှန့်တုံးစေပြီး နိုင်ငံအတွက် အန္တရာယ်ကြီးမားသည့် အမျိုးမျိုးသောမူးယစ်ဆေးဝါးများကို တားဆီးကာကွယ်ကြရာတွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ကြစေလိုကြောင်း။

လူကုန်ကူးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်မှ စတင်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်တိုက်ဖျက်လာခဲ့သည်မှာ ယခုဆိုလျှင် ၂၅ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်လျက်ရှိသည့်စာချုပ်ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်မှာ ယနေ့တိုင်ဖြစ်ကြောင်း၊ လူကုန်ကူးမှုများကို အရေးယူနိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပြီး ယခုဆိုလျှင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးဆိုင်ရာအခြေအနေများ၊ လူကုန်ကူးမှုများမှရရှိသည့် အလွန်ကြီးမားသော အကျိုးအမြတ်များ၊ ပြောင်းလဲဖြစ်ပေါ်နေသည့်နိုင်ငံတကာ ကူးလူးဆက်ဆံမှုများနှင့် ခေတ်မီတိုးတက်လာသည့် အင်တာနက်အခြေပြု သတင်းအချက်အလက် နည်းပညာများကြောင့် လူကုန်ကူးမှုများ တိုးတက်ဖြစ်ပေါ်နေသည့်အတွက် ထိန်းချုပ်အရေးယူနိုင်ရန် ၂၀၂၂ခုနှစ် ဇွန် ၁၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုခင်းများ ဖော်ထုတ်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ဖော်ထုတ်ဆောင်ရွက်နိုင်ရန်လိုအပ်သကဲ့သို့ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်မှုအပိုင်းနှင့် လူကုန်ကူးသူများကို အရေးယူ၊ တရားစွဲဆိုအပြစ်ပေးမှုအပိုင်းတွင်လည်း ပိုမိုဖြည့်ဆည်း အရေးယူဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေအရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ် စီမံကိန်း (၂၀၂၂-၂၀၂၆)များကို ရည်မှန်းချက် တာဝန်(၄)ရပ်၊ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ (၄)ရပ်၊ လုပ်ငန်းကဏ္ဍ(၄)ရပ် ရေးဆွဲချမှတ်ပြီး မူဝါဒများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် တရားစွဲတင်၍ ဥပဒေနှင့်အညီ အရေးယူခြင်းစသည့် ကဏ္ဍများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရန်အစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ဆောင်ရွက်ရာတွင် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာအရေးယူနိုင်ရန်၊ ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်နှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများသို့ ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အောင်မြင်ထိရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလသည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့် ပတ်သက်၍ ကောင်းမွန်စွာ အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ ခေတ်မီဆက်သွယ်ရေးစနစ်များကို အသုံးပြု၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုခဲ့သည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိတော့သည့် လက်နက်များအစား လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ခေတ်မီ မောင်းပြန်လက်နက်များ၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လူစုလူဝေးကို လူစုခွဲရာတွင် အသုံးပြုသည့် ခေတ်ကာလနှင့် လျော်ညီသော အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များ၊ ခေတ်မီ မောင်းပြန် ရိုင်ဖယ်လက်နက်များ၊ မှုခင်းသုံးခေတ်မီ နည်းပညာပစ္စည်းများ၊ DNA ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ Mobile X-Ray ယာဉ်များ၊ မော်တော်ယာဉ်/ ဆိုင်ကယ်များကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ အဆင့်မြင့် နည်းပညာနှင့် အတတ်ပညာများကိုလည်း နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့မှ ကူညီပံ့ပိုးပေးမှုများရရှိပြီး ယနေ့အဆင့်မြင့်စက်ကိရိယာ နည်းပညာများကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။

*စာမျက်နှာ ၉ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် တပ်ဖွဲ့/ဌာနများတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၈ မှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စွမ်းရည်ပြည့်ဝခေတ်မီသည့် နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့ဖြစ်အောင် တပ်ဖွဲ့ဝင်များအသိပညာ၊အတတ်ပညာများတိုးတက်မြင့်မားစေရေး၊ တပ်ဖွဲ့တွင်းလုပ်ငန်းစွမ်းရည်များ တိုးတက်မြင့်မားစေရေး၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ခေတ်မီစက်ကိရိယာများနှင့် နည်းပညာရပ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဘာသာစကား ကျွမ်းကျင်တတ်မြောက်စေရေး၊ ဆိုက်ဘာမှုခင်းများနှင့် ပတ်သက်၍ ကျွမ်းကျင်စွာ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများ၌ဖွင့်လှစ်သည့် သင်တန်းများသို့ စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း။

အဆိုပါသင်တန်းများတွင် လေ့ကျင့်သင်ကြားရရှိခဲ့ကြသည့် အသိပညာ၊ အတတ်ပညာများကို ကိုယ်တိုင်လိုက်နာကျင့်သုံးသကဲ့သို့ ကျန်ညီနောင်တပ်ဖွဲ့ဝင်များကိုပါ အသိပညာ၊ အတတ်ပညာများ ဆင့်ပွားဖြန့်ဝေပေးခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်များသည် ယခုထက်ပိုမို စွမ်းဆောင်လာနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာရဲတပ်ဖွဲ့များနှင့် ဆက်ဆံမှုများမှ ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်မှ ၁၀ ရက် အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသော ASEAN POLICE MUSIC FESTIVAL တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီး၊ရဲတီးဝိုင်းအဖွဲ့တက်ရောက်၍ ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်တို့နှင့်အတူ စုပေါင်းတီးမှုတ်လေ့ကျင့်ခြင်း၊ ဖျော်ဖြေခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်**

တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင် တံဆိပ်များကို စိစစ်ချီးမြှင့်ပေးခြင်းဖြင့် တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူ၊ ကိုယ်အင်္ဂါစွန့်လှူသွားခဲ့ကြရသည့် ရဲတပ်ဖွဲ့ဝင်များလည်းရှိခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင်များ၏ ဓွဲ/ လုံ့လ/ စိတ်ဓာတ်/ ကြိုးပမ်းမှုများအပေါ် ဂုဏ်ယူလေးစား အသိအမှတ်ပြုပါကြောင်း။

နိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်သည့်အနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ရဲသူရတံဆိပ်ရရှိသူ ၆၃ ဦး၊ ရဲဇလတံဆိပ်ရရှိသူ ၄၂၆ ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ ကိုးဦး၊ ရဲကျော်သူတံဆိပ် ရရှိသူ သုံးဦး၊ စီမံထူးချွန်တံဆိပ် (တတိယအဆင့်) ရရှိသူ တစ်ဦး၊ ရဲမှုထမ်းကောင်းတံဆိပ်ရရှိသူ ၃၄၈ ဦး၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်ရရှိသူ ၁၂၃ဦး၊မြန်မာနိုင်ငံ ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်ရရှိသူ ၂၄၈၇ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၄၅ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ်ရရှိသူ ၅၄ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ရရှိသူ ၅၂၄၃ ဦး၊ စုစုပေါင်း ၈၈၀၂ ဦးကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ် မတ် ၂၇ ရက် (တပ်မတော်နေ့)တွင် ရဲဇလတံဆိပ် ရရှိသူ ၁၂၉ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ရရှိသူ နှစ်ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ရရှိသူ ၃၀၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ရရှိသူ သုံးဦး၊ စုစုပေါင်း ၁၆၄ ဦးတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ထူးချွန်ပြောင်မြောက်စွာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခဲ့သူများ၊ မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်နိုင်သူများ၊ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးနိုင်သူများ၊ လုပ်ငန်းတာဝန် ကျေပွန်သူများ၊ သင်တန်းနှင့် အားကစားတွင် ထူးချွန်ဆုရရှိကြသူများကိုလည်း တစ်ဆင့်တိုးရာထူးတိုးမြှင့်ပေးခြင်းနှင့် ရဲချုပ်၏ အမှုထမ်းကောင်းလက်မှတ်နှင့် ဆုများချီးမြှင့်ခြင်းကို တွေ့ရသည့်အတွက် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်လည်း ညီညွတ်သည့်အပြင် အမှုထမ်းကောင်းတံဆိပ်ရပြီး အရာထမ်းအမှုထမ်းများကလည်း ဆက်လက်ကြိုးစားတာဝန်ထမ်းဆောင်ကြရန်လိုအပ်သကဲ့သို့ မရရှိကြသေးသည့် အရာထမ်းအမှုထမ်းများအနေဖြင့်လည်း နိုင်ငံတော်ကချီးမြှင့်မည့် အမှုထမ်းကောင်း တံဆိပ်များရရှိရန် ပေးအပ်သောတာဝန်များကို ရိုးသားမှု၊ ကြိုးစားမှုတို့နှင့်အတူ တာဝန်ကို ကျေပွန်အောင် စွမ်းစွမ်းတမံကြိုးစားအားထုတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ရည်ရွယ်ချက် (၄)ရပ်ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရဲမှုထမ်းဟောင်း အငြိမ်းစားယူသူအားလုံးကို စုစည်းနိုင်ခဲ့လျှင် နိုင်ငံတော်၏ အင်အားတစ်ရပ်အနေဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အဖွဲ့ဝင်များ တိုးတက်ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ချိန်ကာလအတွင်း အကြမ်းဖက်သမားများ၏ အကြောင်းမဲ့တိုက်ခိုက် သတ်ဖြတ်မှုများကြောင့် နိုင်ငံသူနိုင်ငံသားများ ထိခိုက်သေဆုံးခဲ့ရမှုများမှ ကင်းဝေးစေရေး၊ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေနိုင်မည့် ပြည်သူ့လုံခြုံရေးအဖွဲ့များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရပ်ကွက်/ကျေးရွာ/မြို့နယ်နှင့်ခရိုင်အဆင့် ဖွဲ့စည်းပေးခဲ့ပြီး ဒေသအလိုက်တည်ငြိမ်အေးချမ်းရေးကို ရာနှုန်းပြည့်ရရှိစေသည်အထိ ဆက်လက်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ရဲတပ်ဖွဲ့ဥပဒေအသစ်ကို ပြဋ္ဌာန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် **“မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေ”** အသစ်ကို လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ အစဉ်ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူများက ယုံကြည်အားထားရသည့် အရည်အသွေးမြင့်မားပြီး စည်းကမ်းကောင်းမွန်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များကို စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရဲတပ်ဖွဲ့၏ စွမ်းရည်နှင့် အရည်အသွေးမြင့်မားရေးဆောင်ရွက်ရန် လိုအပ်သည့် အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန်စသည် ရည်ရွယ်ချက်များဖြင့် ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်တွင် **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေ**အသစ်ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးသည့်နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဖွဲ့စည်းပုံတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်/အထက်မြန်မာပြည်)တို့၌ သင်ကြားရေးဌာန တစ်ခုစီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ဌာနကြီးတစ်ခု ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၌ စက်တပ်ကိရိယာရှာဖွေရေးတပ်ခွဲ တစ်ခွဲနှင့် တပ်စုခြောက်စုအပြင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရဲကင်းစခန်း တစ်ခုနှင့် နယ်မြေရဲစခန်း တစ်ခုတို့ကို တိုးချဲ့ ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမို အဆင်ပြေချောမွေ့စေရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များတွင် ခရိုင်အဆင့် ၄၆ ခုကို ထပ်မံတိုးချဲ့ဖွဲ့စည်း ပေးနိုင်ခဲ့ကြောင်း၊ အသစ်ထပ်မံဖွဲ့စည်းထားသည့် ခရိုင်ရုံးများ အမြန်ဆုံးထိရောက်အောင်မြင်စွာ

*စာမျက်နှာ ၁၀ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

**ဂုဏ်ပြုညစာသုံးဆောင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်**

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲ တပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ ကို ပေးအပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က လက်ခံရယူသည်။ **(ယာပုံ)**



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ဇနီးက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

လုပ်ငန်းလည်ပတ်နိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဟူသည့် မျှော်မှန်းချက်များဖြင့် တည်ဆောက်ရာတွင် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်မှု၊ ခေတ်မီပစ္စည်း ကိရိယာများ၊ လုံခြုံရေးအသုံးအဆောင်များစသည်တို့ကို ခေတ်ကာလနှင့်လျော်ညီအောင် နိုင်ငံတော်ကတိုးမြှင့်ဖြည့်ဆည်းပေးမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင် တစ်ဦးချင်းစီအနေဖြင့်လည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေး စသည်တို့ကို စဉ်ဆက်မပြတ်ဆက်လက်ခံယူလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လေးစားယုံကြည်မှု ပိုမိုရရှိစေရန် ရဲတပ်ဖွဲ့ဝင်များသည် အဂတိတရားကင်းရှင်း ကြရမည့်အပြင် တပ်ဖွဲ့ကချမှတ်ထားသည့် ရဲစည်းကမ်းနှင့် ရဲကျင့်ဝတ်များကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် လိုက်နာစောင့်ထိန်းပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကို ဥပဒေနှင့်အညီ လုံခြုံအောင် ရိုးသားကြိုးစားမှုနှင့် ကိုယ်ချင်းစာတရားလက်ကိုင်ထား၍ အကာအကွယ်ပေးစောင့်ရှောက်သွားကြရန် အထူးမှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အရာထမ်း၊ အမှုထမ်းများအားလုံးသည် မိမိတို့၏ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းကျွမ်းကျင်မှုများနှင့်အတူ ဥပဒေကိုကိုင်တွယ်ကျင့်သုံးရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်သော နိုင်ငံနှင့်ပြည်သူများက လေးစားဂုဏ်ယူဖွယ် အားကိုးအားထားပြုနိုင်သည့် ဥပဒေ ဘက်တော်သား ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ရည်မှန်း၍ နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုရသည့် မိမိအလုပ်ကို တန်ဖိုးထားဂုဏ်ယူစွာကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ နယ်မြေရဲစခန်းအဆင့်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ အဖွဲ့အစည်းအလိုက် နိုင်ငံတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း ရဲစည်းကမ်း၊ ရဲကျင့်ဝတ်များနှင့်အညီ စံပြပြုမူဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူလူထုတစ်ရပ်လုံးက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

**ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ခြောက်ဦးကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် သုံးဦးနှင့် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် လေးဦးတို့ ကိုယ်စားမိသားစုဝင် ခြောက်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင် ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးရေးစက်များနှင့် ယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကိုဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ရဲတပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ တပ်ဖွဲ့ဝင် ငါးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆု(အရာရှိ) နှစ်ဦးနှင့် အနုပညာရှင်ကိုယ်စားလှယ် တစ်ဦးကိုလည်းကောင်း၊ ဒုတိယရဲချုပ်များက စွမ်းဆောင်မှုအတွက်ရာထူးအဆင့်တိုး တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် ရုံးဝန်ထမ်း ထူးချွန်ဆုရရှိသူ ခုနစ်ဦးကိုယ်စား တာဝန်ရှိသူတစ်ဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ရဲချုပ်၏ ဇနီးနှင့် ဒုတိယရဲချုပ်များ၏ ဇနီးတို့က အမျိုးသမီးစွမ်းဆောင်ရှင်ဆုရရှိသူ တစ်ဦး၊ နေအိမ် လိုင်းခန်းသန့်ရှင်းရေးဆုရရှိသူ ရှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား သီးခြားစီတွေ့ဆုံ





**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မော်လိုက်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံသည်။ (ဝဲအပေါ်ပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။ ယင်းနောက် မော်လိုက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နယ်မြေဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးက စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ အောင်ဇေယျခန်းမတွင် မော်လိုက်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ (ယာအပေါ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ ၁၁ ဦး ပါဝင်တက်ရောက်ကြမည်

**နေပြည်တော် အောက်တိုဘာ ၁**

ကလေးသူငယ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆင့်မြင့်လေ့ကျင့်ရေး ဆွေးနွေးပွဲနှင့် သုတေသနနှင့် လက်တွေ့လေ့ကျင့်ခြင်း အလုပ်ရုံဆွေးနွေးပွဲများသို့ အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကလေးအထူးကု ဆရာဝန်ကြီး ရှစ်ဦး၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး နှစ်ဦး၊ မေ့ဆေးအထူးကုဆရာဝန်ကြီး တစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၁၁ ဦး ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။ (ယာပုံ)

ပြည်ထောင်စု ဝန်ကြီးက ရုရှား - မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအနေဖြင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ မိခင်နှင့် မွေးကင်းစကလေး သေဆုံးမှုလျှော့ချနိုင်ရေး၊ မိခင်နှင့် ကလေးကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် သင်တန်းများ စေလွှတ်လျက်ရှိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ခေတ်မီဆေးပညာများအား သင်ယူလေ့လာ၍ မိမိနိုင်ငံအတွက် အကျိုးရှိစွာ ပြန်လည်အသုံးချပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ လိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုများ နိုင်ငံတကာအဆင့်မီပေးနိုင်ရေး သက်ဆိုင်ရာဘာသာရပ်အလိုက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ထပ်မံစေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိတ်ကောင်းဆွေကောင်းများ တိုးပွားအောင်ဆောင်ရွက်ပြီး မိမိတို့၏ သက်ဆိုင်ရာ အထူးကုဆေးပညာနယ်ပယ်များ တိုးတက်အောင် ဆောင်ရွက်ပြီး



နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်ကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ တက်ရောက်မည့် ဆရာဝန်ကြီး ခြောက်ဦးသည် ပထမအသုတ်အနေဖြင့် အောက်တိုဘာ ၁ ရက် ညနေ ၆ နာရီတွင် လည်းကောင်း၊ ဆရာဝန်ကြီး ငါးဦးသည် ဒုတိယအသုတ်အနေဖြင့် အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း မြန်မာနိုင်ငံမှ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ညောင်ရွှေမြို့၌ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ



**ညောင်ရွှေ အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ညောင်ရွှေမြို့ ဘုရားကြီးကျေးရွာရှိ မုဒိတာဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာကြည်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မွန်ဦးနှင့် တာဝန်ရှိသူများက ဘိုးဘွားများအား ကန်တော့ကြပြီး ကန်တော့ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

---

## မိုင်းယောင်း၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့ပေါ် (၉) ရပ်ကွက်ရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၄၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းစီဖြင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းပန်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားများ တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၁**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆပ်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုပါဋ္ဌိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ **(အပေါ်ပုံ)** ရေစက်သွန်းချအမျှဝေပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ စက်တင်ဘာ ၂၉ ရက်တွင် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ် (၃) မင်္ဂလာကန်တော်တွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများက မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ် ငါးသားပေါက် အကောင် ၅၀၀၀ အား ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (၅၈) နှစ်မြောက် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အလှူဒါနနှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြရာ ယနေ့နံနက်ပိုင်း၌ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အလှူတော်ငွေကျပ် ၁၆၀၀၀၀၀ လှူဒါန်းခြင်းနှင့် စာကလေးငှက်အကောင် ၂၅၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ခြင်း၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းခြင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ "YGW" ပရဟိတမိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းသို့ ခေါက်ဆွဲကြော်ဘူး ၃၀၀ ကို အာဟာရဒါနအဖြစ် လှူဒါန်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ "GOLDEN HEART" ခွေးဂေဟာသို့ ဒုက္ခိတတိရစ္ဆာန်များအတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေရုံးများ ကြည့်ရှုစစ်ဆေးပြီး ဥပဒေအရာရှိများနှင့် တွေ့ဆုံ



**ရန်ကုန် အောက်တိုဘာ ၁**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ကျောက်တံတားခရိုင်၊ ကမာရွတ်ခရိုင်၊ အလုံခရိုင်၊ မရမ်းကုန်း (ခရိုင်ဥပဒေစုပေါင်းရုံး) ကိုလည်းကောင်း၊ ဒေါပုံမြို့နယ်ရှိ သင်္ဃန်းကျွန်းခရိုင် ဥပဒေရုံး၊ ဗိုလ်တထောင်ခရိုင် ဥပဒေရုံး၊ ဒဂုံမြို့သစ် (ခရိုင်ဥပဒေစုပေါင်းရုံး) တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံတားမြို့နယ်ရှိ တိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ လက်ထောက် တိုင်းဒေသကြီးဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ ဒုတိယခရိုင်ဥပဒေအရာရှိများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိများနှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာတို့က တိုင်းဒေသကြီးအတွင်း ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရုံးအဆောက်အဦသစ်များ ဆောက်လုပ်နေမှု၊ ရုံးများတွင် လိုအပ်သည့် အစိတ်အပိုင်းများ ပြင်ဆင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဝန်ထမ်းများ အဂတိတရားကင်းရှင်းရေး တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန်နှင့် ပြည်သူများ၏ အားကိုးယုံကြည်ရသော ဥပဒေအရာရှိများဖြစ်အောင် စိတ်စေတနာအပြည့်ဖြင့် လုပ်ငန်းတာဝန်များကို မှန်ကန်မြန်ဆန်စွာဖြင့် ကျေပွန်စွာဆောင်ရွက်ကြရန်၊ လုပ်ငန်းများကို အချင်းချင်း ညှိနှိုင်းပေါင်းစပ်၍ လုပ်ကိုင်ကြရန်နှင့် လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

---

# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ(၁)ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းစာရင်းများထုတ်ပြန်ရာတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ နှစ်လယ်ဖြစ်သော ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ (၅၅ ဒသမ ၈) သန်းဖြစ်ပြီး အဆိုပါ နေ့ရက်တွင်ရှိသည့် တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည် -

| တိုင်းဒေသကြီး/ ပြည်နယ် | (၁-၁၀-၂၀၂၂) ရက်နေ့ရှိ ခန့်မှန်းလူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၁ | ၀.၃ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၃ | ၀.၂ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၇ | ၃.၀ | ၅.၇ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၈ | ၀.၇ | ၁.၅ |
| ပဲခူးတိုင်းဒေသကြီး | ၂.၃ | ၂.၇ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၂ | ၃.၅ | ၆.၇ |
| မွန်ပြည်နယ် | ၀.၉ | ၁.၁ | ၂.၀ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၂ | ၄.၇ | ၈.၉ |
| ရှမ်းပြည်နယ် | ၃.၃ | ၃.၄ | ၆.၇ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀ | ၃.၃ | ၆.၃ |
| နေပြည်တော်ကောင်စီ | ၀.၆ | ၀.၇ | ၁.၃ |
| **စုစုပေါင်းခန့်မှန်းလူဦးရေ** | **၂၆.၇** | **၂၉.၁** | **၅၅.၈** |

**သတင်းစဉ်**

# တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံးနှင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေများအား ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များ ကြည့်ရှုလေ့လာ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များ တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားထုတ်လုပ်ရေးစီမံကိန်းကို ကြည့်ရှုလေ့လာစဉ်။

**မန္တလေး အောက်တိုဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့နှင့်အတူ မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းနှင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် နံနက်ပိုင်းတွင် တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များကို အားပေးဆောင်ရွက်လျက်ရှိရာ စက်မှုဇုန်များအတွက် အရေးကြီးသော လျှပ်စစ်ဓာတ်အား ရရှိရေးကို မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကြိုးပမ်းထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ စက်မှုဇုန်များ လိုအပ်ချက်အတိုင်း လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရန်မှာ ကန့်သတ်ချက်များ ရှိနိုင်သဖြင့် ပုဂ္ဂလိကပိုင်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်မှုတို့ကို လေ့လာသိရှိပြီး ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ ယခုလို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စက်မှုဇုန်တွင် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အခြေအနေအပေါ် မူတည်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ခြင်းကို စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ပါက မိမိတို့ လိုအပ်ချက်အတိုင်း သုံးစွဲနိုင်မည့်အပြင် ပိုလျှံမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ပေးပို့၍ ရောင်းချနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအတွက် လိုအပ်သည်များကို မိမိတို့ဝန်ကြီးဌာန အနေဖြင့် ညှိနှိုင်းပေါင်းစပ် ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုအခါ လူမှုမီဒီယာများတွင် သတင်းတု၊ သတင်းမှားများ ပျံ့နှံ့လျက်ရှိရာ နိုင်ငံတော်မီဒီယာအနေဖြင့် သတင်းမှန်များ လျင်မြန်စွာ ထုတ်ပြန်နိုင်ရေး မီဒီယာပလက်ဖောင်း အမျိုးမျိုးမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် အတွက် ကုန်ထုတ်လုပ်ကို အခြေခံသည့် စက်မှုဇုန်များ ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားပါကြောင်း၊ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မီဒီယာနည်းလမ်းဖြင့် ပါဝင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကူညီ ဆောင်ရွက်နေမှုနှင့်အတူ မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများ ပိုမိုအောင်မြင်စေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနည်းလမ်းများကိုသိရှိပြီး စီစဉ်အသုံးပြုနိုင်ရန်ဖြစ်ပါကြောင်းနှင့် အခြားစက်မှုလုပ်ငန်းရှင်များကိုလည်း အသိပညာမျှဝေပေးရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Green Power Energy Co.,Ltd မှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း သာစည်မြို့နယ် သပြေဝ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စီမံကိန်း ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် စတင်ဆောင်ရွက်ခဲ့မှု၊ ယခု တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်း ၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေမှုနှင့် ထပ်မံ၍ တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက MRTV DTH တစ်စုံကို တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံအတွက် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် စက်ရုံစီမံကိန်း နယ်မြေအတွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သံရွာအနီးရှိ တောင်တော်ကွင်း ဧက ၂၀၀ အနက် ဧက ၈၀ ပေါ်တွင် Green Power Energy Co.,Ltd က အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၃ သန်းခန့် ရင်းနှီးမြှုပ်နှံ၍ ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် ကျောက်ဆည်ခရိုင် ရဲရမန်းရွာအနီးရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြရာ ရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမြင့်နှင့် တာဝန်ရှိသူများက စက်ရုံတည်နေရာ၊ နှစ်အလိုက်ဓာတ်အားထုတ်လုပ်မှု၊ နှစ်အလိုက်ရေဝင်ရောက်မှု၊ ဓာတ်အားပေးစက်ကြီးများ ထိန်းသိမ်းပြုပြင်ဆောင်ရွက်မှုနှင့် ရေလှောင်တမံ စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ယခုကဲ့သို့ ရေအားဖြင့် စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန်အတွက် စောင့်ကြည့်ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းကိုလည်း ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း စက်မှုလုပ်ငန်းရှင်များအား ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြပြီးနောက် ပြည်ထောင်စု ဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ဆုငွေများ ပေးအပ်သည်။

ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို မြစ်ငယ်မြစ်ပေါ်တွင် ကွန်ကရစ်တမံအမျိုးအစားဖြင့် ၂၀၀၁ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ရာ ရေလှောင်ပမာဏမှာ ၂၁ သိန်း ဧကပေရှိပြီး ၇၉၀ မဂ္ဂါဝပ် စက်အင်အား တပ်ဆင်ထားကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ ဆည်ရေဝင်ရောက်မှု ပမာဏအပေါ်မူတည်၍ စက်များ စတင်လည်ပတ်ခဲ့ရာ ယခုအခါ ဆည်ရေပြည့်ဝစွာ သိုလှောင်နိုင်ပြီဖြစ်၍ စက်စွမ်းအားပြည့်ဖြင့် လည်ပတ်နိုင်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## မဟာအောင်မြေမြို့နယ်၌ မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စိစစ်ခြင်းဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ မဟာမြိုင် (၁) ရပ်ကွက်နှင့် ရတနာဘုမ္မိအရှေ့ ရပ်ကွက် တွင် ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်အလိုက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စိစစ်ခြင်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး ဆွေလွင်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်စာရေးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်း၍ မြေပြင်ကွင်းဆင်း စိစစ် ကြည့်ရှုပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးစီကို ငွေကျပ် ၁၀ သိန်းစီ ပေးအပ်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘိုးဘွားများကို ဆေးဝါးပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။





အဆိုပါ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး သက်ကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် အသက်အကြီးဆုံး အဘိုး တစ်ဦးနှင့် အဘွား တစ်ဦးစီကို ငွေကျပ် ၁၀ သိန်းစီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ်အတွက် ဆောင်ပုဒ်ကို **"The Resilience and Contributions of Older Women" "သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား"**ဟု သတ်မှတ်ပေးထားပါကြောင်း၊ သက်ကြီးရွယ်အိုများ၏ အရေးကိစ္စသည် သက်ကြီးရွယ်အိုများနှင့်သာ သက်ဆိုင်သည့် ကိစ္စတစ်ခုမဟုတ်ဘဲ အသက်အရွယ်အပိုင်းအခြား အားလုံးတွင်ရှိသည့် လူအားလုံးနှင့် သက်ဆိုင်နေသည့် ကိစ္စဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ နယ်မြေ ဒေသဆိုင်ရာ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဘိုးဘွားရိပ်သာများမှ အဘိုးအဘွားများနှင့် ဌာနဆိုင်ရာ အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်သော ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လက်ရှိ လူမှုအဖွဲ့အစည်းအတွက် သက်ကြီးရွယ်အိုများသည် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်ကို အသိအမှတ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို (၁၉၉၉) ခုနှစ်က စတင်ပြီး ယနေ့အထိ မပျက်မကွက် ကျင်းပဂုဏ်ပြုခဲ့ကြောင်း၊ သက်ကြီးရွယ်အိုများအပေါ် လေးစားကြည်ညိုတတ်သည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များ သိရှိနားလည်တတ်စေရန်နှင့် နိုင်ငံတော်က သက်ကြီးရွယ်အိုများအရေး အလေးထားဆောင်ရွက်ခြင်းကို ပြည်သူများ သတိပြုမိစေရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုကဲ့သို့ ကျင်းပခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုတွင် သက်ကြီးရွယ်အိုများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်စွမ်းရှိကြောင်းကို သိရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မျက်စိပိတ်နားပိတ်ငြင်းဆိုနေ၍မရ၊ ထိရောက်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်

**နေပြည်တော် အောက်တိုဘာ ၁**

KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အရပ်ဘက်လေယာဉ်တစ်စင်းအား ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် KNPP အဖွဲ့က ငြင်းဆိုနေမှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုဖြေကြားထားပါတယ်။

**မေး ။ ။ မနေ့က ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်ခံရတာနဲ့ ပတ်သက်ပြီး KNPP က ငြင်းဆိုနေတာကို တွေ့ရပါတယ်။ ဒီလိုရက်စက်ယုတ်မာတဲ့လုပ်ရပ်ဟာ ရာဇဝတ်မှုဖြစ်ပြီး ဘယ်နိုင်ငံကမှလည်း လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။ ဒီအပေါ်မှာ တပ်မတော်ရဲ့ သဘောထားကို သိလိုပါတယ်။**

**ဖြေ ။ ။** သူတို့ကတော့ အကြမ်းဖက်အဖွဲ့တွေပီပီ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိမှာမဟုတ်ပါဘူး။ မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပထမဆုံး ဦးဆုံးအဲဒီဘက်မှာဖြစ်ခဲ့တဲ့ အချို့သော သမိုင်းကြောင်းလေးတွေကို ကြည့်ရင်တောင် သိသာပါတယ်။ ဒီ KNPP နဲ့ PDF အကြမ်းဖက်သောင်းကျန်းသူတွေက ယခင်တုန်းက မြို့သိမ်းတိုက်ပွဲဆင်နွှဲမယ်ဆိုပြီး လွိုင်ကော်မြို့ထဲမှာ တိုက်ပွဲတွေ ဖန်တီးခဲ့တဲ့အတွက် ပြည်သူလူထု အမြောက်အမြားလည်း မြို့ပေါ်ကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ရတာတွေ ရှိတယ်။ အခုနောက်ပိုင်းမှာ တပ်မတော်အနေနဲ့ ပြန်လည်တည်ငြိမ်အောင် လုပ်ဆောင်နေလို့ ပြည်သူတွေအနေနဲ့ သူ့အရပ်နဲ့သူ နေနိုင်ခဲ့ပြီးဖြစ်တယ်။ လွိုင်ကော်မြို့ ဘေးပတ်ဝန်းကျင်နေရာတွေ၊ တချို့သော ရွာတွေမှာတော့ သူတို့တွေ ဝင်ထွက်သွားလာနေတာတွေရှိတယ်။ ဒါ့အပြင် လွိုင်ကော်လေဆိပ်ကို ယခင်တုန်းကလည်း ၁၀၇ မမ ဒုံးနဲ့ ပစ်ခတ်ခံခဲ့ရတာရှိတယ်။ သူတို့ကိုယ်တိုင်လည်း ထုတ်ပြန်ခဲ့တယ်။ သူတို့ပစ်ခတ်ခဲ့တယ်ဆိုပြီး ကြေညာချက်ထုတ်ထားတာတွေ ရှိတယ်။ ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်တယ်ဆိုတာ နိုင်ငံတကာမှာ ဘယ်နိုင်ငံကမှ၊ ဘယ်အဖွဲ့အစည်းကမှလက်မခံတဲ့ ကြီးမားတဲ့ရာဇဝတ်မှုမျိုးဖြစ်တဲ့အတွက် သူတို့အနေနဲ့ ငြင်းဆိုနေတာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ပြောလိုတာကတော့ ထိရောက်ပြင်းထန်တဲ့ တုံ့ပြန်မှုတွေ ဆောင်ရွက်သွားမှာဖြစ်တယ်။ ကျွန်တော်တို့ ဒီလိုပြောပြီးတဲ့အခါမှာလည်း သူတို့ကိုယ်သူတို့ ကြီးမားတဲ့ရာဇဝတ်မှုကြီး ကျူးလွန်ထားတယ်ဆိုတာ သိတဲ့အတွက်ကြောင့် ဖုံးကွယ်နေတာဖြစ်တယ်။ ပြောချင်တာက သူတို့အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမယ်။ စုံစမ်းစစ်ဆေးမှု ပြုရမယ်။ စုံစမ်းစစ်ဆေးမှုမပြုဘဲနဲ့ ဒါမျိုး မျက်စိပိတ်၊ နားပိတ်ပြီး ငြင်းဆိုနေလို့ မရဘူး။ သူတို့ရဲ့အောက်ခြေမှာရှိတဲ့ တပ်တွေ၊ သူတို့ ထိန်းကွပ်ထားတဲ့၊ သူတို့ အကြမ်းဖက်ပညာသင်ပေးထားတဲ့ PDF ဆိုတဲ့ ကောင်တွေ၊ ဒါတွေလုပ်ခဲ့ မလုပ်ခဲ့ဆိုတာတွေကို သူတို့အနေနဲ့ စနစ်ကျတဲ့ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးမှ ပြောလို့ရမယ်။ စနစ်ကျတဲ့ စုံစမ်းစစ်ဆေးမှုပြုလုပ်ဖို့ လိုအပ်တယ်။ ကျွန်တော်တို့ သိထားသမျှ၊ ရှိထားသမျှ အချက်အလက်တွေကတော့ ဒီလုပ်ရပ်ကို KNPP နဲ့ PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့တွေမှအပ ကျန်တဲ့လူ လုပ်စရာအကြောင်း မရှိဘူးလို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမယ်။ စုံစမ်းစစ်ဆေးမှု လုပ်ရမယ်။ မျက်စိပိတ်၊ နားပိတ်ပြီး ငြင်းဆိုနေလို့မရဘူးလို့ ပြောချင်ပါတယ်။




## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ စနေနေ့**

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နံနက် ၀၈:၄၅ နာရီခန့်၌ ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ် ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY-AML ၊ လေယာဉ်အမျိုးအစား ATR-72 (600) သည် ခရီးသည် ၆၃ ဦး တင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရန် လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းနေစဉ် အကြမ်းဖက်သမားများက လက်နက် (စိစစ်ဆဲ) ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်အားထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး ညာဘက်ပါးတွင် ကျည်ထိမှန်ဒဏ်ရာ ရရှိခဲ့ပါသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်လျက် အပြစ်မဲ့ပြည်သူများအား အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယခုဖြစ်စဉ်အပါအဝင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည့်မည်သည့် အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၁။ ရန်ကုန် - နေပြည်တော် - လွိုင်ကော် - ရန်ကုန် ခရီးစဉ်ပြေးဆွဲနေသော မြန်မာအမျိုးသားလေကြောင်းပိုင် လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ဆင်းသက်စဉ် အကြမ်းဖက်သူများက အကြောင်းမဲ့ ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ခရီးသည် ၆၃ ဦး လိုက်ပါလာသော လေယာဉ်ကို ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုသည် အလွန်အန္တရာယ်ကြီးမားသော ပြစ်မှုကြီးဖြစ်ပါသည်။

၃။ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများနှင့် ဒုက္ခရောက်စေရန် ကျူးလွန်မှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇၃ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်ဦးရှိ

**(၁–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၄၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၇၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၅၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၈၁,၄၆၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၃,၆၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၈၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၈,၃၁၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာ လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၉၆ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် သံတွဲမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၄၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၂၁၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၄၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင်ကိုဗစ်–၁၉ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းသည်။

**စားသောက်ဖွယ်ရာများလှူဒါန်း**

ထို့ပြင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်ဘိုးဘွားရိပ်သာတို့၌ အသီးသီးပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံအဘိုး အဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘိုးဘွားရိပ်သာများအတွက် အလှူငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများအား လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**



# စားသုံးဆီနဲ့ စက်သုံးဆီ ချွေတာကြမယ်ဆိုရင်

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

**လူအများစု နားလည်နေတဲ့ ကျန်းမာဖို့ဆောင်ပုဒ်ကတော့ "ရေများများသောက်၊ အဆီနဲ့ ဆား၊ သကြားလျှော့စား၊ မေတ္တာများများပွား ကျန်းမာခြင်း အကြောင်းတရား" ဖြစ်ပါတယ်။ ကျန်းမာရေးကောင်းဖို့ကိစ္စဖြစ်လို့ လွန်စွာတန်ဖိုး ရှိလှပါတယ်။**

လူတစ်ဦးတစ်ယောက် ကျန်းမာရေးနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကိုအခြေခံပြီး ပြောလေ့ရှိကြပါတယ်။ ကံဆိုတာအလုပ်၊ အတိတ်၊ ပစ္စုပ္ပန်အလုပ်အပေါ်မှာ မူတည်ပြီး ကျန်းမာရေးကောင်းတယ်၊ ညံ့တယ်လို့ သုံးသပ်လေ့ရှိပါတယ်။ စိတ်ကလည်း အခရာကျပါတယ်။ စိတ်မတည်မငြိမ်၊ အလိုမကျ ဒေါသပုံထ၊ လောဘတွေတက်နေတဲ့အခါ စိတ်ဖိစီးမှု၊ စိတ်ထောင်းလေတော့ "ကိုယ်ကြေ" ပါတော့တယ်။ ကျန်းမာရေးကိုထိခိုက်စေပါတယ်။ ဥတုရာသီကလည်း အေးလွန်း၊ ပူလွန်း စွတ်စိုလွန်းရင်လည်း ကျန်းမာရေးအပေါ် သက်ရောက်မှုရှိပြန်တယ်။ အာဟာရကတော့ ကျန်းမာရေးကောင်းမကောင်းကိစ္စအတွက် အစာအာဟာရ ပိရမစ် (Food Pyramid) က အဖြေထုတ်ပေးပါတယ်။

ကိုယ့်လယ်သမားတောင်သူတွေ စိုက်ပျိုးထုတ်လုပ်တဲ့ ဆန်စပါး၊ ဆီ၊ ဆားကို အားပေးရလိမ့်မယ်။ နည်းပညာမမြင့်လို့ ဈေးနှုန်းကြီးမြင့်ကောင်းကြီးနိုင်သော်လည်း သူတို့ကိုအားပေးရမယ်။ တကယ်အရေးကြုံလို့ စီးပွားရေးပိတ်ဆို့မှုတွေ ရှိလာမယ်ဆိုရင် အားကိုးစရာဟာ ပြည်တွင်းက လယ်သမားနဲ့ တောင်သူလယ်သမားတွေပဲ ဖြစ်တယ်လို့ ပြောချင်ပါတယ်။

**အဆီဓာတ်ဆိုသည်**

အဆီဓာတ်ဟာ စွမ်းအင်သိုမှီးရာဓာတ်ပစ္စည်းဖြစ်ပါတယ်။ သက်ရှိတို့ လှုပ်ရှားမှုတိုင်းအတွက် လိုအပ်တဲ့စွမ်းအင်ကို အဆီဓာတ်၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်တို့မှ ထုတ်ယူသုံးစွဲတာပဲ ဖြစ်ပါတယ်။ လူတွေဟာ လှုပ်ရှားမှုပြင်းထန်ရင် ပြင်းထန်သလို မောပန်းကြတယ်ဆိုတာ အဆိုပါဓာတ်ပစ္စည်း (အဆီ၊ ပရိုတင်းနဲ့ ကစီဓာတ်) တို့ ပြောင်းလဲနိုင်ဖို့ လေရှူရလို့ပဲဖြစ်ပါတယ်။ အောက်ဆီဂျင်များများ လိုတဲ့အတွက် အဆုတ်က ပိုပြီးလျင်လျင်မြန်မြန် အလုပ်လုပ်ရလို့ မောတာပဲဖြစ်ပါတယ်။ ဒီလို ဓာတ်ပြောင်းလဲမှုဖြစ်စဉ်က စွမ်းအင်ရတာပဲ ဖြစ်ပါတယ်။ ဓာတ်ပြောင်းလဲမှုဖြစ်စဉ်တို့ဟာ ကိုယ်ခန္ဓာမှာရှိတဲ့ ဆဲလ်ပေါင်းသန်းပေါင်းများစွာက အလုပ်လုပ်ရတာ ဖြစ်ပါတယ်။

> **"လူထုဟာ တစ်ကိုယ်ရေတစ်ကာယ ကျန်းမာရေးအသိပညာနည်းပါးပါတယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်ထုများတဲ့ ကျောင်းနေအရွယ်ကလေးဘဝမှာကို ကျန်းမာသန့်စွမ်းရေး အသိပညာမရရှိခဲ့ရှာဘူး။ ကျောင်းစာတွေနဲ့ပဲ ပိနေခဲ့ကြရပါတယ်။ စာမေးပွဲနောက်ကိုပဲ လိုက်နေခဲ့တာများတယ်။ ဂုဏ်ထူးရဖို့ပဲ မိဘဆရာရပ်ရွာက အားထုတ်တာများတယ်။ ကျန်းမာရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာ ဟောပြောပွဲတွေဆိုတာ ရှားပါတယ်။"**

**စားသုံးဆီပြဿနာ**

ပိရမစ်ရဲ့ ထိပ်ဆုံးမှာတော့ အဆီဆိုတဲ့နေရာ၊ ဆီကိုလျှော့စားရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ပိရမစ်အောက်ဆုံးမှာတော့ ကစီဓာတ်၊ သူ့အထက်မှာ အသီးအရွက်၊ တစ်ဆင့်မြင့်ရင် အသားဓာတ်စားရမယ်။ ထိပ်ဆုံးမှာက အဆီဓာတ် (စားသုံးဆီ) ကို အနည်းဆုံးစားရမယ်ဆိုတဲ့ ကျန်းမာရေးလမ်းညွှန်ကို များစွာသောလူတို့ လိုက်နာရမှာဖြစ်ပါတယ်။ အမေရိကန်၊ ဩစတြေးလျ အစားအသောက်၊ ပိရမစ်အရဆိုရင် ပြည့်ဝဆီ (Saturated Oil)ကို လျှော့စားဖို့ သကြားလျှော့စားဖို့ဖြစ်ပါတယ်။ နိုင်ငံခြားငွေချွေတာရေး၊ မြိုးမြဲဖို့တွန်းအားပေးတားမြစ်တာမဟုတ်၊ တကယ့်ကို မြိုးမြဲကြရလိမ့်မယ်။

စားသုံးဆီလိုအပ်လို့ တင်သွင်းရတယ်ဆိုရင်၊ စားအုန်းဆီကို ပြည်ပက ဝယ်ယူနေရပြန်ရင် ဒါဟာ မဟုတ်သေးဘူး။ ပြည်တွင်းစားအုန်းဆီကိုပဲ အားပေးရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့

စားအုန်းဆီဆိုတာ ဓာတုဗေဒသဘောအရ ပြည့်ဝဆီတွေဖြစ်တော့ ဝမ်းမီးမကောင်းရင် ဖြိုကွဲပျက်ပြယ်ဖို့ မလွယ်လေတော့ နှလုံးသွေးကြောမှာ ပိတ်ဆို့တတ်တယ်လို့ဆိုပါတယ်။ ဝက်ဆီဆို ပိုဆိုးလေတော့ ဆီလျှော့စားတာ ကျန်းမာရေးအတွက် အကောင်းဆုံးပါပဲ။ ဈေးချိုလို့ စားအုန်းဆီတန်းစီတိုးမယ့်အစား ဆီကို လျှော့စားစေချင်ပါတယ်။ ကျန်းမာရေးကောင်းဖို့ အကြံပြုတာကို မြင်စေချင်၊ သိစေချင်ပါတယ်။ မြန်မာတွေအတွက် ဝက်ဆီအသားဆီနဲ့ စားအုန်းဆီတွေစားသုံးခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုနဲ့အန္တရာယ် ဘယ်အရာက အလေးသာသလဲဆိုတာ ထင်ထင်ရှားရှားမသိဟု ယူဆပါတယ်။

ယနေ့မြို့ကြီးပြကြီးတွေ၊ လူစည်ကားတဲ့နေရာတွေမှာ ဝက်သားတုတ်ထိုးဆိုင်ငယ်လေးတွေဟာ အလုပ်ဖြစ်နေတာ တွေ့မြင်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အလုပ်ကအပြန် ဆာဆာနဲ့ အမြန်စာ (Quick Food) ကို ဝိုင်းအားပေးလို့ပါပဲ။ အဆာပြေ စားကြသူတွေရှိသလို ညနေစာအဖြစ် စားသုံးသူတွေလည်း တွေ့မြင်ရတော့ ကျန်းမာရေးရှုထောင့်က ကြည့်ရင် ရင်လေးစရာပါပဲ။ ဝက်ဆီတို့ဆိုတာ ဝမ်းတွင်းမှာ ဓာတ်တိုးဓာတ်လျှော့ ဓာတ်ပြုခြင်း နှေးကွေးတဲ့အတွက် နှလုံးသွေးကြောတွေမှာ ပိတ်ဆို့မှုဖြစ်လေ့ရှိတယ်လို့ သိရပါတယ်။ ဟင်းလျာတွေမှာ အမဲနဲ့ဝက်ဆီတွေကို လျှော့စားဖို့ ကျန်းမာရေးအကြံပြုချက်တွေကို ဖတ်ရှုရပါတယ်။ ကိုယ်တိုင်လဲ လိုက်နာကျင့်သုံးပါတယ်။

ငါးကြီးဆီ၊ အသီးအရွက်ဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီတို့ရဲ့ ဓာတုသဘောအရဆိုရင် စွမ်းအားရဖို့ အပြောင်းအလဲမှာ အကျိုးဖြစ်ထွန်းစေတဲ့ဘက်က အလေးသာတဲ့ သဘောဆောင်ပါတယ်။ ကျန်းမာရေး အတွက် အသီးအရွက်ဆီတွေဟာ အန္တရာယ်ပြုမှုနည်းပါတယ်။ မြေပဲဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ ပန်းနှမ်းဆီတို့ကို ပြည်တွင်းကထုတ်လုပ်သော်လည်း ဆီစားသုံးမှုဟာ လွန်ကဲပါတယ်။ ဒါကြောင့် နိုင်ငံခြားက အသီးအရွက်ဆီတို့ကို တင်သွင်းရတဲ့သဘောရှိပါတယ်။ လူထုဟာချွေတာလိုက်ရင် ဒီပြဿနာတွေဟာ ပြေလည်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားက တင်သွင်းကုန်အပေါ်မှရတဲ့ အခွန်ပေါ်မှာ လွန်စွာ မရပ်တည်စေချင်ပါဘူး။

လူထုဟာ တစ်ကိုယ်ရေတစ်ကာယ ကျန်းမာရေးအသိပညာနည်းပါးပါတယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်ထုများတဲ့ ကျောင်းနေအရွယ်ကလေးဘဝမှာကို ကျန်းမာသန့်စွမ်းရေးအသိပညာ မရရှိခဲ့ရှာဘူး။ ကျောင်းစာတွေနဲ့ပဲ ပိနေခဲ့ကြရပါတယ်။ စာမေးပွဲနောက်ကိုပဲ လိုက်နေခဲ့တာများတယ်။ ဂုဏ်ထူးရဖို့ပဲ မိဘဆရာရပ်ရွာက အားထုတ်တာများတယ်။ ကျန်းမာရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာ ဟောပြောပွဲတွေဆိုတာရှားပါတယ်။ ပညာရေးပြက္ခဒိန်တွေမှာ ဘောလုံးပွဲ၊ ဘော်လီဘောပွဲ၊ ကြက်တောင်၊ ခြင်းလုံး၊ အားကစားပွဲတွေ တိတိကျကျရေးဆွဲဖို့ အားကစားပြိုင်ပွဲတွေ ကျောင်းအလိုက်၊ တက္ကသိုလ်အလိုက် ဘောလုံးပြိုင်ပွဲတွေ ပိုပြီး လုပ်သင့်ပါတယ်လို့ ယူဆပါတယ်။ အနာဂတ်ကိုယ့်လူထု ကျန်းမာရေးကောင်းဖို့ ဉာဏ်နဲ့ယှဉ်ဆင်ခြင်ကြရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

**ဓာတ်ဆီ၊ လောင်စာဆီပြဿနာ**

ကမ္ဘာ့ရေနံသိုက်ကြီးတွေ တွေ့ပြန်တော့ မော်တော်ယာဉ်၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံတွေနဲ့ ကမ္ဘာကိုပတ်ပြီး စီးပွားရေး၊ နိုင်ငံရေးတွေနဲ့ စစ်ပွဲတွေထိ ဒီရေနံက တွန်းပို့ပေးတယ်လို့ ပြောနိုင်ပါတယ်။ ပြီးခဲ့တဲ့ ရာစုနှစ်များအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဟာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအပေါ် တည်မှီခဲ့ပါတယ်။ ၁၉၀၀ ပြည့်နှစ်က ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုပမာဏဟာ ရေနံစိမ်းဆီပီပါ သန်း ၁၅၀ သာ၊ ၂၀၀၀ ပြည့်နှစ်မှာ ဘီလီယံ ၃၀ အထိ ထုတ်လုပ်လာရပါတယ်။

၁၉၇၀ ပြည့်နှစ် ဧပြီ ၂၂ ရက်က ကမ္ဘာ့နေ့ဆိုပြီး အမေရိကန်ပြည်ထောင်စုမှာ ကျင်းပခဲ့ပါတယ်။ ကမ္ဘာ့နေ့ကို ကျင်းပခဲ့ခြင်းနဲ့ အတူ ၁၉၇၀ ပြည့်နှစ်မှာ လေထုသန့်ရှင်းရေးအက်ဥပဒေ (Clean Air Act of 1970)ဟာ ပတ်ဝန်းကျင်အပေါ် အပေါင်းလက္ခဏာအသွင် စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ ဘွဲ့ရပြီး တက္ကသိုလ်ဆရာပေါက်စဘဝက ကမ္ဘာ့ပတ်ဝန်းကျင်ယိုယွင်းလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုကို သတိမထားမိတဲ့ကာလ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း စက်မှုထွန်းကားတဲ့ နိုင်ငံတွေဟာ ကမ္ဘာကြီးပူနွေးလာတဲ့အရေးကို ဝိုင်းဝန်းတွေးပြီး အလေးထားဆောင်ရွက်ခဲ့တာတွေကို ၂၀ ရာစုနှောင်းပိုင်းထိ တွေ့မြင်ရပါတယ်။


"အရေးကြီးဆုံးထဲက တစ်ခုလည်းဖြစ်တယ်။ ကျွန်တော်တို့လက်ငင်းလုပ်နိုင်တာတစ်ခုက ဘာလဲဆိုရင် ဓာတ်ဆီ၊ လောင်စာဆီသုံးပြီး မော်တော်ယာဉ်တွေမောင်းနှင်ရာမှာ ထိရောက်ဖို့ပဲ၊ မော်တော်ကားတွေဟာ လောင်စာဆီတစ်ဂါလန်ဟာ မိုင်များများ မောင်းနိုင်ဖို့ အဆိပ်အတောက်ဓာတ်ငွေ့နည်းနည်းပဲထွက်ဖို့နဲ့ ကမ္ဘာကြီးပူနွေးစေမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ နည်းနိုင်သမျှနည်းအောင်ထွက်မယ့် မော်တော်ကားတွေဖြစ်ဖို့ လိုတယ်"လို့ နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင် လီယိုနာဒိုဒီကာပရီယိုက မှတ်ချက်ပြုခဲ့ပါတယ်။

ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်ဂါလန်သုံးတိုင်း လေထုထဲကို ကာဗွန်ဓာတ်ငွေ့ ၉-၁၀ ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ကားငယ်တစ်စီးဟာ ၇ ဒသမ ၃ လီတာဖြည့်ထားရင် ကီလိုမီတာ ၁၀၀ အထိ မောင်းနိုင်ပါတယ်။ ဒီကားဟာ ၆ ကီလိုမီတာ သို့မဟုတ် ၃ ဒသမ ၇၅ မိုင် မောင်းလိုက်တာနဲ့ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် မှုတ်ထုတ်လိုက်ပါတယ်။

လေထုမှာ တင်ကျန်ခဲ့တဲ့ ဒီကာဗွန်ဓာတ်ငွေ့ဟာ ကမ္ဘာကြီးပူနွေးဖို့ ကြီးမားတဲ့အကြောင်းတရား ဖြစ်ပါတယ်။ အများသုံး ဘတ်စ်ကားတစ်စီးဟာ ဥပမာ YBS ဆိုပါတော့။ ၁၀ -၁၂ ကီလိုမီတာ မောင်းလိုက်တာနဲ့ ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ၆ ကီလိုမီတာဆိုရင် ၀ ဒသမ ၅ ကီလိုဂရမ် ကာဗွန်ဒိုင်အောက်ဆိုက် လေထုထဲ ဝင်လာတာ ဖြစ်ပါတယ်။ ဒီဘတ်စ်ကားဟာ ခရီးသည် ၄၀ ကို သယ်ယူပို့ဆောင်တာမို့ တွက်ခြေကိုက်ပါတယ်။

လက်ရှိအခြေအနေမှာ နှစ်စဉ် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ မက်ထရစ် ၅ ဘီလီယံတန်ကို သုံးပြီး လျှပ်စစ်ထုတ်တာက ၃၅ ရာခိုင်နှုန်း၊ သွားလာရေး သယ်ယူပို့ဆောင်ရေးက ၃၁ ရာခိုင်နှုန်းနဲ့ စက်မှုလုပ်ငန်းများအတွက် ၂၁ ရာခိုင်နှုန်းနဲ့ စီးပွားရေး ၅ ရာခိုင်နှုန်းနဲ့ အိမ်တွင်းအနွေးဓာတ်ရဖို့ ၇ ရာခိုင်နှုန်း သုံးနေရတယ်လို့ တွက်ချက်ထားတာကို သိရပါတယ်။

၁၉၄၀ ပြည့်နှစ်ရောက်တော့ လေထုတွင်း (ကာဗွန်ဓာတ်ငွေ့)ဟာ ၃၀၀ ပီပီအမ်နီးပါး။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ ဒီဓာတ်ငွေ့ရဲ့ ပမာဏဟာ ၄၀၁ ပီပီအမ်အထိ ကြောက်ခမန်းလိလိ မြင့်တက်လာပါတယ်။ ပိုပြီးထွက်လာတဲ့ ကာဗွန်ဓာတ်ငွေ့တွေကြောင့် ပင်လယ်သမုဒ္ဒရာရဲ့ အက်စစ်ဂုဏ်ဟာ ၂၈ ရာခိုင်နှုန်းထိ မြင့်တက်သွားပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ပုံမှန်(၂၈၅-၃၀၀ppm) ဆိုရင်မိတ်ဆွေဓာတ်ငွေ့ဖြစ်ပါတယ်။ သစ်ပင်သစ်တောတွေ၊ လယ်ယာစပါးကောက်ပဲသီးနှံတွေဖြစ်ဖို့ အသက်ရှင်သန်ဖို့ ဖြစ်ပါတယ်။ *စာမျက်နှာ ၁၇ သို့*






## ကချင်ပြည်နယ်၌ (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**မြစ်ကြီးနား အောက်တိုဘာ ၁**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦးတို့က ရဲဗလဆုရရှိခဲ့သော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး(ယာပုံ) ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရဲဗလဆုရ တပ်ဖွဲ့ဝင်များ၊ လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊ ၂၀၂၂ ခုနှစ် လေ့ကျင့်ရေးနှစ်အတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် ထူးချွန်ဆုရတပ်ဖွဲ့ဝင်များ၊ အားကစားပြိုင်ပွဲများတွင် ထူးချွန်တပ်ဖွဲ့ဝင်များနှင့် ဆုရမိသားစုဝင်များအား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက် )**

## ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာန ရတနာပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးလက် ကျန်းမာရေးဌာန ဆေးကုသဆောင်နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၂၉ ရက်ကကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာအဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြမှုအပေါ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို မှာကြားပြီး ရတနာပန္နက်တော်တင်ရန် သတ်မှတ်နေရာများ၌ နေရာယူပြီးနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာသီရိနွယ်၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ နေပြည်တော်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ခိုင်၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာ၊ တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်နှင့် မဏိကမ္ဘာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမင်းသက်ခိုင်တို့က မင်္ဂလာအချိန်တွင် ရတနာပန္နက်တော်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် ရတနာပန္နက်တင်ပွဲမင်္ဂလာအခမ်းအနား အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးခဲ့သည်။

တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးလက် ကျန်းမာရေးဌာန ဆေးကုသဆောင်(၅၄x၄၂) ပေ၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာ (၃၇x၃၈ ) ပေနှင့် နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ (၃၆x၃၀) ပေ၊ တစ်ထပ် အာစီ အဆောက်အအုံတို့ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၁ ဒသမ ၇၆၇ သန်းဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်အကြောင်း ရန်ကင်းမြို့နယ်၌ ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းဝင်းက ဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်များနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ဆွေးနွေးပွဲမှရရှိလာသည့် ဗဟုသုတများကို တက်ရောက်လာကြသော ရေအသုံးချသူအဖွဲ့များမှ တောင်သူများက လက်တွေ့အသုံးချ၍ ဆွေးနွေးပွဲမတက်ရောက်ခဲ့ရသည့် ရပ်ရွာမှ တောင်သူများကိုလည်း တစ်ဆင့်ပြန်လည် မျှဝေပေးကြစေလိုကြောင်း၊ သို့မှသာ ရေအသုံးချသူများပါဝင်သော ဆည်ရေစီမံခန့်ခွဲမှုစနစ်ဆီသို့ အောင်မြင်စွာ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အပါအဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရေအသုံးချသူများအဖွဲ့ဝင် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**အိရွှေစင်(ပြန်/ဆက်)**



## သနပ်ပင်မြို့နယ် မင်းရွာရေလွှဲပေါက်ချောင်းသို့ ငါးသားပေါက်ကောင်ရေ ၃ ဒသမ ၇ သိန်း မျိုးစိုက်ထည့်

**သနပ်ပင် အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတပေါကြွယ်ဝရေး၊ ငါးစားသုံးမှုရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပဲခူးခရိုင်နှင့် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မင်းရွာရေလွှဲပေါက်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၂၉ ရက်က ဆောင်ရွက်သည်။

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ သနပ်ပင်ငါးလုပ်ငန်း စခန်းမှ တာဝန်ခံနှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၂၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်အကောင်ရေ ၃ ဒသမ ၇ သိန်းကို မင်းရွာရေလွှဲပေါက်ချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ခြင်းဖြစ်သည်။

**လှမိုး(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

### မဂ္ဂါစီးတီးမြို့ပြပြဿနာ

လေထုညစ်ညမ်းမှုကိစ္စဟာ မြို့ပြပြဿနာပဲ။ ၅၀ ရာခိုင်နှုန်းသော အမေရိကန်တို့ဟာ မြို့ပြမှာ နေထိုင်ကြပါတယ်။ အဲဒီလိုမြို့တွေဟာ လူဦးရေအများဆုံး ငါးသိန်းပဲ နေထိုင်ကြပါတယ်။ မဂ္ဂါစီးတီး (Megga City) ဆိုလို့ နယူးယောက်မြို့ပဲရှိပါတယ်။ ရန်ကုန်မြို့မှာပင် လူဦးရေ ခုနစ်သန်းလောက်ပဲရှိတာမို့ မဂ္ဂါစီးတီးစာရင်း မဝင်သေးပါဘူး။ သို့သော် အနာဂတ်မှာ မဂ္ဂါစီးတီးမဖြစ်ဖို့ဆိုရင် လူဦးရေဟာ အများဆုံး ၁ သန်းသာရှိတဲ့ မြို့ပြတွေ တည်ထောင်သွားရင် ရေမီးပြည့်စုံလာမယ့်အပြင် ပတ်ဝန်းကျင်ကို အစစအရာရာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ပါလိမ့်မယ်။ ရေနံနဲ့ လောင်စာဆီပြဿနာပေါ်တဲ့အခါ စက်မှုလုပ်ငန်းနဲ့ ကုန်စည်စီးဆင်းမှု လည်ပတ်မှုလုပ်ငန်းတွေဟာ ပုံမမှန်ဖြစ်တတ်ပါတယ်။ ကိုဗစ် – ၁၉ ကဲ့သို့ ကပ်ရောဂါကြီး ကျရောက်တဲ့အခါ၊ လူသားတို့ရဲ့ ဘဝဟာ ချောက်ချားတဲ့ အခြေဆိုက်ပါတယ်။ စစ်မက်ဖြစ်ပွားရင်လည်း လူထုဟာ ဒုက္ခအပေါင်း ကျရောက်ရပါတယ်။



ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ဟာ လောင်စာဆီ ၂၀ ရာခိုင်နှုန်း ပိုမိုထိရောက်ရေး (20 % Fuel efficient) ၂၀ ရာခိုင်နှုန်း ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေး (20% Carbon dioxide reduction) တွေကို အားထုတ်ခဲ့ပါတယ်။ အဆိပ်အတောက် (ကာဗွန်မိုနောက်ဆိုက်နဲ့ ဗီအိုအန်ယ် (VOM, Volatile Orga–nic Metter) နည်းနည်းပဲ ထွက်စေမယ့် နည်းပညာတွေ မြှင့်ခဲ့ပါတယ်။ တိုးတက်အောင်မြင်မှုတွေ ရှိခဲ့ပါတယ်။



*(ဆက်လက်ဖော်ပြပါမည်)*

# အာဖဂန်၌ ပညာရေးစင်တာ တိုက်ခိုက်ခံရမှုအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရှုတ်ချ



**ဂျီနီဗာ အောက်တိုဘာ ၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ ပညာရေးစင်တာတစ်ခုကို စက်တင်ဘာ ၃၀ ရက်က တိုက်ခိုက်ခံရမှုအပေါ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ပြောသည်။

**အရပ်သားများကို အကာအကွယ်ပေးရန် တောင်းဆို**

ကုလသမဂ္ဂအကြီးအကဲက သေဆုံးသူများ၏မိသားစုများကို ဝမ်းနည်းကြောင်းပြောကြားပြီး ထိခိုက်ဒဏ်ရာရရှိသူများအား အမြန်ပြန်လည်ကျန်းမာလာစေရန် ဆုတောင်းပေးခဲ့သည်။ ထို့ပြင် ပညာရေးသည် အခြေခံအခွင့်အရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော မောင်းနှင်အားဖြစ်သည်ဟု အလေးပေးပြောကြားခဲ့ပြီး အရပ်သားများကို အကာအကွယ်ပေးရန်အတွက် ပါတီအားလုံးကို ထပ်မံတောင်းဆိုခဲ့ကြောင်း သိရသည်။

**၁၉ ဦးထက်မနည်း သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အနောက်ပိုင်းရှိ ပညာရေးစင်တာတစ်ခုတွင် စက်တင်ဘာ ၃၀ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှု ကြောင့် ၁၉ ဦးထက်မနည်း သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွား

**ဂျကာတာ အောက်တိုဘာ ၁** – အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း မြောက်ဆူမားတြားပြည်နယ်၌ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ရာ သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းများမရှိသေးကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါငလျင်မှာ အောက်တိုဘာ ၁ ရက် ဂျကာတာဒေသစံတော်ချိန် ၀၂ နာရီ ၂၈ မိနစ်တွင် မြောက်တာပန်နျူလီခရိုင်၏ အနောက်မြောက်ဘက် ၁၅ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ပြီး ငလျင်အနက်မှာ ၁၀ ကီလိုမီတာရှိကြောင်း နိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောကြားသည်။ အာချေးပြည်နယ်၌လည်း ငလျင်လှုပ်ခတ်မှုကို ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါ အေဂျင်စီက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## ဘရာဇီး၌ အလုပ်လက်မဲ့နှုန်း ခုနစ်နှစ်ကာလအတွင်း အနိမ့်ဆုံးကျဆင်း

**ရီယိုဒီဂျနေးယိုး အောက်တိုဘာ ၁** – ဘရာဇီးနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းပမာဏမှာ ပြီးခဲ့သည့် ဩဂုတ်လ လေးလပတ်ကာလအတွင်း ၈ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယင်းပမာဏမှာ ခုနစ်နှစ်တာကာလအတွင်း အနိမ့်ဆုံးပမာဏပင်ဖြစ်သည်ဟု ဘရာဇီးအစိုးရပိုင် ပထဝီနှင့် စာရင်းအချက်အလက် အင်စတီကျူက စက်တင်ဘာ ၃၀ ရက်တွင် ပြောသည်။

ဩဂုတ်လတွင် အလုပ်လက်မဲ့ဦးရေမှာ ၉၃၇၀၀၀ ရှိသည့်အတွက် မေလအတွင်း အလုပ်လက်မဲ့ဦးရေထက်ပို၍ ကျဆင်းလာခြင်းဖြစ်ကြောင်း ဘရာဇီးအစိုးရပိုင် ပထဝီနှင့် စာရင်းအချက်အလက် အင်စတီကျူက ပြောသည်။

အလုပ်လက်မဲ့ဦးရေ ကျဆင်းလာခြင်းမှာ ဩဂုတ်လအရောက်တွင် ခြောက်လဆက်တိုက် ကျဆင်းလာခြင်းဖြစ်သည်။ ထိုစဉ် နိုင်ငံအတွင်း အလုပ်သမားဦးရေမှာ ၉၉ သန်းအထိ စံချိန်တင်ရှိလာခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် နှိုင်းယှဉ်လျှင် ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာခြင်းဖြစ်သည်ဟု သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူဦးရေ ကျဆင်းလာ

**နယူးဒေလီ အောက်တိုဘာ ၁** – အိန္ဒိယနိုင်ငံ၌ ကိုဗစ် –၁၉ နေ့စဉ်ကူးစက်ခံရသူဦးရေမှာ ၃၈၀၅ ဦးအထိ ကျဆင်းခဲ့သည်ဟု အာဏာပိုင်များက အောက်တိုဘာ ၁ ရက်တွင်ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ ၂၄ နာရီအတွင်း နောက်ထပ်ကူးစက်ခံရသူဦးရေ ၃၈၀၅ ဦး တွေ့ရှိခဲ့ပြီး နိုင်ငံအတွင်း စုစုပေါင်းကူးစက်ခံရသူဦးရေ ၄၄၅၉၁၁၂ ဦးအထိ ရှိလာပြီဟု သိရသည်။

စက်တင်ဘာ ၃၀ ရက်က ကူးစက်ခံရသူ ၃၉၄၇ ဦးတွေ့ရှိခဲ့သည့်အတွက် ကူးစက်မှုကျဆင်းလာသည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိကူးစက်ခံနေသူဦးရေမှာ ၃၈၂၉၃ ဦးတွင် ရှိနေသည်။

၂၄ နာရီအတွင်း ကိုဗစ် –၁၉ နှင့်ဆက်စပ်၍ သေဆုံးသူဦးရေမှာ ၂၆ ဦးရှိသည်။ ယခုအချိန်အထိ ကိုဗစ်–၁၉ လူနာပေါင်း ၄၄၀၂၄၁၆၄ ဦးကို ကျန်းမာရေးဝန်ကြီးဌာနမှ အောင်မြင်စွာ ကုသပေးနိုင်ခဲ့သည်ဟု သိရသည်။

ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံ၌ ရေကြီးမှုကြောင့် ၁၅ ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ၁**

ပါကစ္စတန်နိုင်ငံ၌ စက်တင်ဘာ ၃၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ပြီးနောက် လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ရေကြီးမှုနှင့်ဆက်စပ်၍ သေဆုံးသူများထဲတွင် ကလေး ၁၁ ဦးနှင့် အမျိုးသမီး လေးဦး ပါဝင်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

ဘာလိုချီစတန် ပြည်နယ် အနောက်တောင်ပိုင်းနှင့် ပန်ဂျပ်ပြည်နယ်တို့တွင်လည်း သေဆုံးသူ ငါးဦးစီရှိသည်ဟု သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်မုတ်သုံကာလတွင် ရေကြီးမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် သေဆုံးသူဦးရေမှာ ၁၆၉၃ ဦး ရှိပြီး ဒဏ်ရာရရှိသူဦးရေမှာ ၁၂၈၆၅ ဦးရှိသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ က ပြောသည်။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်းရှိ နေအိမ်ပေါင်း ၂၀၄၅၃၄၉ လုံး ပျက်စီးခဲ့ရပြီး မွေးမြူရေးခြံအများအပြား ပျက်စီးခဲ့ရသည်။ ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် တံတားအစင်း အရေအတွက်မှာ ၄၁၀ အထိရှိသည်ဟု သိရသည်။

ဆင်ဟွာ



ပန်ဂျပ်ပြည်နယ်၌ ရေကြီးမှုကြောင့် နေရပ်သို့ လှေဖြင့်သွားလာနေသည့် ဒေသခံများကို တွေ့ရစဉ်။

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၉၆၀ ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့်နှိုင်းယှဉ်ပါက စက်တင်ဘာ ၃၀ ရက် သန်းခေါင်ယံအထိ ကိုဗစ်–၁၉ ကူးစက်ခံရသူသစ် ၂၆၉၆၀ တွေ့ရှိသဖြင့် ကိုဗစ်–၁၉ ကူးစက်ခံရသူစုစုပေါင်း ၂၄၇၉၆၀၁၄ ဦး ရှိလာပြီဖြစ်ကြောင်း အောက်တိုဘာ ၁ ရက်တွင် ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၌ ယမန်နေ့က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၂၈၄၉၇ ဦးရှိရာမှ နေ့စဉ်ကူးစက်မှုနှုန်း လျော့နည်းလာကြောင်း ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ (ကေဒီစီအေ) က ပြောသည်။

ကိုဗစ်–၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ ၃၀၁ ဦး ရှိသဖြင့် စုစုပေါင်းကိုဗစ်–၁၉ ကူးစက်ခံရသူ ၆၇၅၃၄ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ်–၁၉ ကူးစက်ခံရသူများအနက် ရောဂါပြင်းထန်သောအခြေအနေတွင် ရှိနေသူ ၃၅၆ ဦးရှိရာ ယမန်နေ့ကထက် လေးဦးတိုးလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၉ ဦးရှိရာ အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၂၈၄၄၅ ဦး ရှိကြောင်း သိရသည်။ အဆိုပါ သေဆုံးမှုနှုန်းမှာ ၀ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ပိုလီယိုရောဂါဖြင့် ၁၀ လအရွယ်ကလေးငယ်တစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကိုင်းဘာပ့်ခွန်ခွာပြည်နယ် မြောက်ပိုင်း ဝါဇီရီစတန်ခရိုင်တွင် ပိုလီယိုဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားပြီးနောက် ၁၀ လအရွယ် ကလေးငယ်တစ်ဦး သေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၃၀ ရက်ညပိုင်းတွင် ပြောကြားသည်။

အဆိုပါ ရောဂါဖြစ်ပွားသည့်ကလေးငယ်သည် စက်တင်ဘာ ၁၅ ရက်တွင် လေဖြတ်သည့်ရောဂါ စတင်ဖြစ်ပွားပြီးနောက် ဘယ်ဘက်လက်နှင့် လည်ပင်းတို့ မသန်စွမ်းဖြစ်ခဲ့ကြောင်း အမျိုးသားကျန်းမာရေးအင်စတီကျူက စက်တင်ဘာ ၂၉ ရက်က ထုတ်ပြန်ထားသည်။

အဆိုပါ ပိုလီယိုရောဂါကူးစက်မှုသည် ယခုနှစ်တွင် လူ ၂၀ ကူးစက်မှုဖြစ်ပွားပြီး ရောဂါကူးစက်ခံရသူအားလုံးမှာ ကိုင်းဘာပ့်ခွန်ခွာပြည်နယ်တွင်ဖြစ်ကြကာ လခ်ကီမာဝပ်မြို့တွင် နှစ်ဦး၊ ဝါဇီရီစတန်ခရိုင်မြောက်ပိုင်းတွင် ၁၇ ဦးနှင့် ဝါဇီရီစတန်ခရိုင်တောင်ပိုင်းတွင် တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၀-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်၊အဋ္ဌာနာဋိယပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ စက်တင်ဘာလ)(ပထမပိုင်း)
**၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
**၀၉:၂၀** သတင်းသမားပြောတဲ့သတင်းစကား
**၀၉:၅၅** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော်' Season-2 တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်(အုပ်စု–ဂ)(ပွဲစဉ်–၅)
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** အသိပညာနှင့်အမှန်တရား
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာ့ဂန္တဝင်ရုပ်ရှင် "ခြေဖဝါးတော်နန်း"
**၁၆:၃၅** NRC "မောရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု"
**၁၆:၄၅** Sports Diary
**၁၇:၁၅** Economic Review
**၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ စက်တင်ဘာလ)(ဒုတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း–၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် **'ငြိုးဟန်ဖွဲ့စိမ်းရက်လေသလား'**

**mitv**

**07:02** Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
**07:08** Lest We Forget Great Gratitude Of Parents: Kedara Parrot King Dr a (Part-2) The Duet Dance of Kedara Parrot King
**07:31** Myanmar Master Class Still Life (Fruit)
**07:38** Myanmar Cultural Identities (Kinnari & Kinnara)
**07:55** Golden Mandalay Hill
**08:01** News
**08:27** Pyin Oo Lwin Sweater
**08:36** Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
**09:01** Let's Explore Organic Farming
**09:47** Today Myanmar
**09:55** A Day in the Life of Pa-O Family
**10:27** Shwezigon Pagoda

**MRTV NRC**

**အရှေ့ပိုင်းကရင် (၆:၀၀) မှ (၇:၀၀) ထိ**
တောင်ပေါ်မြေမှ ကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်
**ချင်း (လိုင်ဇို) (၇:၀၀) မှ (၈:၀၀) ထိ**
ဆေးဘက်ဝင်သခွတ်ပင်
**ချင်း (ချို) (၈:၀၀) မှ (၉:၀၀) ထိ**
ဆောင်းရာသီရဲ့သဘာဝပန်းအလှများ
**မွန် (၉:၀၀) မှ (၁၁:၀၀) ထိ**
ဓနိပူး၏အသုံးဝင်ပုံအကျိုးကျေးဇူး
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပို့ပွင့်ကမ်းခြေသို့အလည်တစ်ခေါက်
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရိုးရာခေါက်စီး(ခေါ်)ရှမ်းထမင်းသုပ်
**"ဝ" (၁၅:၀၀ မှ ၁၇:၀၀)**
ပြောင်းဖူးအုန်းနို့ကြော်ပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
"ဝ"ရိုးရာခေါ်ပုတ်ထောင်းနည်း
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဖက်ခါးရွက်နှင့်ဝက်သားချက်
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်တဲ့ငွေနှင်းမှို
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း–၁၄)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** News Desk
**၀၉:၁၅** Weekly Selected News
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊စက်တင်ဘာလ)(အပိုင်း–၂)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"စနာတတ်သူတာဝန်ယူ"**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း–၈
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း–၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း–၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့် ဘဝရှင်သန်ခြင်း
**၀၆:၄၅** သုတဝေစည်တောင်သူဆီ
**၀၇:၀၀** 'စိုက်ပျိုးရေးရာ အဖြေရှာ'
**၀၇:၁၅** ဆင်သေချောင်းနံဘေးကတောင်သူဘဝ
**၀၈:၂၀** ရေအစက်ချစိုက်ပျိုးခြင်း
**၀၉:၂၀** ချိုမြိန်သောဘဝများရဲ့နှင်းဆီ
**၀၉:၅၅** သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်း


**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁**
နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

## လပွတ္တာမြို့၌ ဆောင်းသီးနှံနေကြာစိုက်ကေပြည့်မီရေးတာဝန်ပေးအပ်

**လပွတ္တာ အောက်တိုဘာ ၁**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွေးနဒီခန်းမ၌ ဆောင်းသီးနှံ နေကြာစိုက်ကေပြည့်မီရေး တာဝန်ပေးအပ်ခြင်းနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲကို ယနေ့ နံနက်က ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်ကအမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က နေကြာစိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်နှင့် မျိုးစေ့ရရှိရေး ဆွေးနွေးပြောကြားကာ ကျေးရွာအုပ်စုများသို့ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က တာဝန်ပေးအပ်လွှာနှင့် နေကြာမျိုးစေ့များ ပေးအပ်ကြောင်း သိရသည်။

**လပွတ္တာခရိုင်(ပြန်/ဆက်)**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁ - ၁၀ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး တစ်ကျပ်သား | ကျပ် ၁၉၅၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်စျေး တစ်ကျပ်သား | ကျပ် ၁၉၆၅၀၀၀ |
| ကမ္ဘာ့ရွှေစျေးအဖွင့်စျေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၆၂ |
| ကမ္ဘာ့ရွှေစျေးအပိတ်စျေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၇၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီစျေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၇၅ ကျပ် | ၂၆၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၆၀ ကျပ် | ၂၇၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၅၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၅၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၆၅ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၅ . ၆၅၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၅၄ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၂ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၅ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၈၂၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၆၀၀ | ၁၈၂ | ၁၇၃၁၇၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၅၃၆၅ | ၁၉၀၄၅၄၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၁ | ၃၉၂၇၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၃ | ၆၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၁၄၀ | ၃၇၉၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၂၀၀ | ၅၀၀၀ | ၇၅၁ | ၃၈၉၉၈၀၀ |

ညီညီ – စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြေပဲဆန်အသစ်များ လှိုင်လှိုင်ဝင်ရောက်လာသဖြင့် ပဲဆီတစ်ပိဿာ ကျပ် ၁၁၀၀၀ အထိ ဈေးကျလာ

**မန္တလေး အောက်တိုဘာ ၁**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်ထဲသို့ မြေပဲဆန်အသစ်များ လှိုင်လှိုင်ဝင်ရောက်ဝင်လာသဖြင့် ပြည်တွင်းစားသုံးနေသည့် ပဲဆီဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ ဈေးအထိ လျှော့နည်းကျဆင်းလာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မြေပဲဆန်အသစ်များသည် မန္တလေးဈေးကွက်အတွင်းသို့ နေပြည်တော်၊ တပ်ကုန်း၊ ပျဉ်းမနား၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ မြောင်၊ မြင်းမူစသည့် ဒေသများမှ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ယခင်လက ပြည်တွင်းစားသုံးနေသည့် ပဲဆီဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ ဈေးအထိ ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ ဈေးအထိ ကျဆင်းလာကြောင်း၊ ပဲဆီဈေးနှုန်းနှင့်အတူ ကျန်ဆက်စပ်သည့် ဆီဈေးများလည်း ကျဆင်းလာကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ထဲကို မြေပဲဆန်အသစ်တွေ လှိုင်လှိုင်ဝင်ရောက်နေတယ်။ စက်တင်ဘာလက မြေပဲဆန်ဈေးနှုန်း အမြင့်ဆုံးဈေးထိ ရောက်ရှိခဲ့တယ်။ မြေပဲလုံးဆန်က တစ်ပိဿာကို ကျပ် ၇၅၀၀ နဲ့ မြေပဲဆီဆန်က တစ်ပိဿာကို ကျပ် ၆၅၀၀ ကနေ ၇၀၀၀ ဈေးအထိ ဖြစ်ခဲ့တယ်။ အခု သီတင်းကျွတ်လဆန်းပိုင်းမှာ မြေပဲဆန်တွေ မန္တလေးဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်နေတဲ့အတွက် မြေပဲလုံးဆန် တစ်ပိဿာကို ၅၈၀၀ ဈေးနဲ့ ဆီဆန်တွေကလည်း တစ်ပိဿာကို ၅၃၀၀ ဈေးအထိ ကျဆင်းလာတယ်။ ရွှေလီဘက်မှာလည်း ကိုဗစ်-၁၉ ရောဂါကြောင့် လော့ဒေါင်းချလိုက်တဲ့အတွက် ဝယ်ယူသူတွေ ဆိုင်းငံ့သွားပါတယ်။ ဒါကြောင့် ဆီဈေးတွေကျလာတာပါ။ ဒီလို ဆီဈေးတွေကျဆင်းလာခြင်းဟာ စားသုံးသူပြည်သူတွေအတွက် အကျိုးသက်ရောက်မှုရှိပါတယ်။ မကြာခင်ကာလတွေမှာလည်း အညာဒေသနဲ့ ရှမ်းပြည်နယ်ဒေသတွေမှာ စိုက်ပျိုးထားတဲ့ ခြောက်လပဲတွေ ထွက်ရှိလာတော့မှာပါ။ ဒါကြောင့် ဆီဈေးက ပြန်ပြီး တက်လာဖို့ အခြေအနေမရှိပါဘူး"ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



မန္တလေးကုန်စည်ဒိုင်၌ ပဲအရောင်းအဝယ်လုပ်နေသည့် ကုန်သည်ပွဲစားများ။

ယခုကဲ့သို့ ဈေးကွက်အတွင်း ပဲဆီဈေးကျဆင်းနေသည့်အတွက် လက်ရှိဈေးအတိုင်းတည်မြဲစေရန် တောင်သူများနှင့် ကုန်သည်များအားလုံး ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်းသို့ မြေပဲများ နယ်ပေါင်းစုံမှ ဝင်ရောက်လျက်ရှိနေကြောင်း၊ အဆိုပါ မြေပဲကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှု ဖူလုံစေရန်အတွက် သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## ခန္တီးမြို့၌ ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်



**ခန္တီး အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၉ ရက်က ဖွင့်လှစ်ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်မော်လွင်က အမှာစကားပြောကြား၍ သင်ထောက်ကူပစ္စည်းများ၊ လက်ကမ်းစာစောင်များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို သင်တန်းတာဝန်ရှိသူများထံပေးအပ်သည်။

အဆိုပါသင်တန်း၌ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးမင်းမင်းဇော်က ကော်ဖီသီးနှံ မျိုးစေ့ပျိုးထောင်ခြင်းနှင့် အပင်ပြုစုစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံး ဒုတိယဦးစီးမှူး ဒေါ်ခိုင်ယဉ်စိုးက မက္ကာဒေးမီးယားသီးနှံမျိုးစေ့ ပျိုးထောင်စိုက်ပျိုးခြင်းနည်းစနစ်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်နန်းမိုးခမ်းက မက္ကာဒေးမီးယားအပင် ပြုစုထိန်းသိမ်းသည့် နည်းပညာများကို ပို့ချခဲ့ကြပြီး သင်တန်းသို့ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

## ပွင့်ဖြူမြို့နယ်၌ တိုင်ထောင်ပဲသီးနှံ ဈေးကောင်းရရှိ၍ တောင်သူများ အားထားစိုက်ပျိုးနေ

**ပွင့်ဖြူ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသများရှိ ဒေသခံတောင်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ကို အမှီပြု၍ ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြရာ ယခုနှစ်တွင် တိုင်ထောင်ပဲသီးနှံမှာ ဈေးကောင်းရရှိနေ၍ တောင်သူများက ပိုမိုအားထား၍ စိုက်ပျိုးနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

တိုင်ထောင်ပဲသီးနှံသည် စိုက်ပျိုးပြီး အချိန်တစ်လကြာပါက စတင်ဆွတ်ခူးရောင်းချနိုင်ပြီး စိုက်ပျိုးရာတွင် တစ်ပင်နှင့် တစ်ပင် အနည်းဆုံး တစ်တောင်အကွာ စိုက်ပျိုးရကြောင်း၊ အသီးအပွင့်များ မတင်မီ တိုင်ထောင်ခြင်းလုပ်ငန်းနှင့် အပင်ရွက်ဖျန်းအားဆေးများ ပက်ဖျန်းပေးခြင်းများကို ကြိုတင်ပြုလုပ်ရကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ တိုင်ထောင်ပဲသီးနှံ စိုက်ပျိုးရေးလုပ်ငန်းဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး မိသားစုပုံမှန်ဝင်ငွေ ရရှိတဲ့အတွက် အဆင်ပြေပါတယ်။ တိုင်ထောင်ပဲသီးနှံကို အပင်ရေ ၇၀၀၊ ၈၀၀ စိုက်ပျိုးထားမယ်ဆိုရင် နှစ်ရက်ခြားတစ်ကြိမ် ပိဿာချိန် ၁၀၀ ကျော် ဆွတ်ခူးရောင်းချရပါတယ်။ လက်ရှိဈေးနှုန်းကတော့ တစ်ပိဿာကို ကျပ် ၁၆၀၀၊ ၁၇၀၀ လောက်ရောင်းချရပါတယ်။ အပင်ပြုစုပျိုးထောင်မှုအပေါ်မူတည်ပြီး အနည်းဆုံး သုံးလလောက် ဆွတ်ခူးရောင်းချရပါတယ်။ ဒါ့ကြောင့် တိုင်ထောင်ပဲသီးနှံဟာ စိုက်ပျိုးစရိတ်ကုန်ကျမှုနည်းပြီး ဝင်ငွေတွက်ခြေကိုက်တဲ့အတွက် တောင်သူများအနေနဲ့ စိုက်ပျိုးသင့်တဲ့သီးနှံဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာမှ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ ဦးဖိုးလှိုင်က ပြောသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေ အဆင်ပြေသည့်အတွက် ကျေးလက်နေတောင်သူများသည် နေ့စဉ်မိသားစုဝင်ငွေ ရရှိရေးအတွက် ဟင်းသီးဟင်းရွက်နှင့် စားပင်သီးနှံမျိုးစုံတို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကာ အချို့တောင်သူများမှာ သီးထပ်သီးညှပ်အဖြစ် နှစ်သီးစားစိုက်ပျိုးကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပင်လုံမြို့စိုက်ပျိုးရေးဦးစီးဌာနက ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်

**ပင်လုံ အောက်တိုဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့နယ်အတွင်း နေကြာစိုက်ပျိုးလျက်ရှိသော တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ယူရီးယားဓာတ်မြေဩဇာများကို စက်တင်ဘာ ၂၉ ရက်က ဖြန့်ဖြူးပေးအပ်သည်။

ဓာတ်မြေဩဇာများ ပေးအပ်ရာတွင် လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမိုးနိုင်က အမှာစကားပြောကြားပြီး ပင်လုံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးမိုးက ပင်လုံမြို့နယ်အတွင်း နေကြာစိုက်ပျိုးလျက်ရှိသော တောင်သူများ၏ နေကြာစိုက်ပျိုးမှုလျာထားချက်ဧက ၄၃၄ ဧက ပြည့်မီရန်နှင့် စိုက်ပျိုးပြီးစီးမှုအတွက် ဓာတ်မြေဩဇာဖြန့်ဖြူးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ယူရီးယားဓာတ်မြေဩဇာများကို ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကျေးရွာအုပ်စု ခုနစ်စုမှ တောင်သူများထံ ဖြန့်ဖြူးပေးအပ်ပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**




## ကျောက်ဆည်မြို့နယ်၌ မိုးချည်မှျင်ရှည်ဝါ ဧက ၂၅၀၀ နီးပါး စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံအထွက်တိုးပွားရေးအတွက် ဧက ၃၄၅၀ စိုက်ပျိုးရန် လျာထားသည့်အနက် စက်တင်ဘာလကုန်ပိုင်းအထိ ၂၄၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မှျင်ရှည်ဝါများကို အဓိကထားပြီး တိုက်နယ်(၆) ကျေးရွာအုပ်စု ငါးစုတွင် ၇၅၇ ဧက၊ တိုက်နယ်(၇) ကျေးရွာအုပ်စု ၁၀ စုတွင် ၆၀၄ ဧက၊ တိုက်နယ်(၈) ကျေးရွာအုပ်စု ရှစ်စုတွင် ဧက၂၁၀၊ တိုက်နယ်(၁၂) ကျေးရွာအုပ်စု ခုနစ်စုတွင် ၉၀၃ ဧက စုစုပေါင်း ၂၄၇၄ ဧက စိုက်ပျိုးပြီးစီးခြင်းဖြစ်သည်။

အဆိုပါ ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ဝါမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် နည်းပညာများ ကူညီပံ့ပိုးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။ ဝါစိုက်တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လွန်ကျော် ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ အရည်အသွေးနှင့် ထွက်နှုန်းကောင်းသော ဝါမျိုးကောင်းမျိုးသန့်များကို သုတေသနပြုစိုက်ပျိုးပြီး ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မှျင်ရှည်ဝါ မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များကို စိုက်ပျိုးဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အိမ်မွေးတိရစ္ဆာန်အစာကို မြန်မာနိုင်ငံ၌ ထုတ်လုပ်ပါက လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေ

**ရန်ကုန် အောက်တိုဘာ ၁**

ပြည်ပဈေးကွက်တွင် ဈေးကွက် မြင့်တက် နေသည့် ရေထွက်ကုန်ဘေးထွက်ပစ္စည်းများမှ ထုတ်လုပ်သော အိမ်မွေးတိရစ္ဆာန်အစာ( Pet Food )ကို မြန်မာနိုင်ငံ၌ ထုတ်လုပ်မည်ဆိုပါက လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေကြောင်း သိရသည်။

နိုင်ငံတကာတွင် အိမ်မွေးတိရစ္ဆာန်အစာ (Pet Food)ကို ရေထွက်ကုန် ဘေးထွက်ပစ္စည်းများမှ ထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိရာ ပင်လယ်ပြင် ငါးဖမ်းဆီးရရှိမှုများသော နိုင်ငံတို့၌ စက်ရုံများတည်ထောင်၍ နည်းပညာ အထောက်အကူဖြင့် ထုတ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံ၌ အိမ်နီးချင်းနိုင်ငံမှ ထုတ်လုပ်သော အိမ်မွေးတိရစ္ဆာန်အစာကို အမှီပြုနေရလျက်ရှိသည်။

“ရှုရှားဖိုရမ်မှာ ငါးအရေခွံနဲ့ ငါးရဲ့ ဘေးထွက်ပစ္စည်းက ထုတ်လုပ်တဲ့ Pet Food လို့ခေါ်တဲ့ အိမ်မွေးတိရစ္ဆာန်အစာ ထုတ်လုပ်မှုကို ပြသတာမတွေ့ခဲ့ရဘူး။ တခြားရေထွက်ပစ္စည်း ထုတ်ကုန်တွေ ပြသတာတော့ တွေ့ခဲ့ရတယ်။ နိုင်ငံတကာမှာတော့ တိရစ္ဆာန်အစာဟာ ဈေးနှုန်းကြီးတယ်လို့ ကြားတယ်။ ရေထွက်ကုန်ပေါများတဲ့ မြန်မာနိုင်ငံမှာ ထုတ်လုပ်ဖို့ လိုအပ်သလို လေ့လာဖို့လည်းလိုမယ်။ ငါးတန်ရဲ့အရေခွံနဲ့ စမ်းပြီးထုတ်လုပ်တာ ရခဲ့တာရှိတယ်။ ဈေးကွက်ဝယ်လိုအားရှိတဲ့ နိုင်ငံနဲ့ ချိတ်ဆက်ပြီး ထုတ်လုပ်မယ်ဆိုရင် နိုင်ငံအတွက် ပိုအကျိုးရှိမှာပါ။ နည်းပညာပိုင်းဆိုင်ရာတော့ လိုတယ်” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ တိုးနန္ဒာတင်က ပြောသည်။

ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့၌ ငါးတန်အရေခွံကို မုန့်နှစ်ဖြင့်ကြော်၍ တန်ဖိုးမြင့် သရေစာအဖြစ်ထုတ်လုပ်ကာ တစ်ဂရမ်လျှင် ခြောက်ဒေါ်လာဖြင့် ရောင်းချလျက်ရှိရာ ငါးခေါင်းနှင့် အရိုးပိုင်းကို တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်ရောင်းချနိုင်ခြင်းကြောင့် ငါးတန်နှင့် ငါးမြစ်ချင်း မွေးမြူမှုပေါများသော မြန်မာနိုင်ငံ၌ ဘေးထွက်ပစ္စည်းမှ Pet Food ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များစွာ ရှိနေပေသည်။

“အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ငါးအစာ၊ တိရစ္ဆာန်အစာ ကမ်းလှမ်းတာ ရှိခဲ့တယ်။ အစာရဲ့ အရည်အသွေးကို ထိန်းချုပ်ဖို့ ခက်တာကြောင့် တိရစ္ဆာန်အစာကို မထုတ်လုပ်နိုင်သေးဘူး။ နောက်တစ်ခုက ပြည်တွင်းကုန်ကြမ်း ပိုလိုအပ်လာမယ်။ တိရစ္ဆာန်အစာထုတ်ဖို့ ဌာနတွေက လုပ်ဆောင်မယ်ဆိုရင် ပိုပြီးအောင်မြင်နိုင်တယ်။ ကျွန်တော်တို့ လုပ်ငန်းရှင်တွေက ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ပါ။ အိမ်နီးချင်းနိုင်ငံတွေထက် ရေခံမြေခံကောင်းနေတဲ့ နိုင်ငံဖြစ်တာကြောင့် အရည်အသွေးကောင်းကောင်းထုတ်လုပ်သွားမယ်ဆိုရင် လိုအပ်တဲ့ ကုန်ကြမ်းကိုပိုပြီး ထုတ်လုပ်နိုင်တဲ့အတွက် မွေးမြူရေးတောင်သူတွေပိုပြီး အဆင်ပြေသလို နိုင်ငံတော်အတွက်လည်း ပြည်ပပို့ကုန်နိုင်ငံတွေ တိုးလာစေပါတယ်။ နိုင်ငံတော်၊ ဌာနဆိုင်ရာနဲ့ လုပ်ငန်းရှင်တွေ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အောင်မြင်မှုရရှိမှာပါ”ဟု ရွှေပြည်သာစက်မှုဇုန် အစာတောင့်စက်ရုံ ဒါရိုက်တာ ဦးဇော်လင်းက ပြောသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံမှ Pet Food ကို တင်သွင်းလျက်ရှိရာ နိုင်ငံအတွင်း ထုတ်လုပ်နိုင်ပါက နှစ်စဉ် ပြည်ပထွက်ငွေ လျော့နည်းသွားမည်ဖြစ်သည်။ Pet Food စက်ရုံအတွက် နည်းပညာပိုင်းဆိုင်ရာ၊ ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးအတည်ပြုမှု၊ တည်ဆောက်မှုနှင့် နည်းပညာများရရှိပါက ကုန်ကြမ်းအတွက် ရေထွက်ကုန်ထုတ်လုပ်မှုကို မြန်မာနိုင်ငံ ငါး လုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ တိရစ္ဆာန်အစာ စက်ရုံများမှ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့်အပြင် ပြည်ပပို့ကုန်မှ နိုင်ငံခြားဝင်ငွေ နှစ်စဉ်တိုးမြှင့်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## မင်းဘူး(စကု)မြို့နယ်၌ ရာသီပေါ် ငှက်စွတ်မှို နုတ်ယူရောင်းချသူများ ဈေးကောင်းရ

**မင်းဘူး အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ရာသီပေါ်ငှက်စွတ်မှို (ခေါ်) မှိုငှက်စိုနုတ်ယူရောင်းချသူများအနေဖြင့် မှို ၁၀ ကျပ်သားလျှင် ငွေကျပ် ၁၅၀၀ နှုန်းအထိ ဈေးကောင်းဖြင့်ရောင်းချနေရပြီး အဆင်ပြေလျက်ရှိကြောင်း မှိုရောင်းချသူများထံမှ သိရသည်။



“ဒီဒေသမှာ ငှက်စွတ်မှို (ခေါ်) မှိုငှက်စိုက တော်သလင်းလပြည့်ကျော်နဲ့ သီတင်းကျွတ်လဆန်းပိုင်းတွေမှာ မိုးရွာသွန်းပြီးနောက်ရက်ပူအိုက်ခါစအချိန်မှာ အများဆုံးထွက်ပြီး ရှာဖွေနုတ်ယူရတာပါ။ အခုလို မှိုလှိုင်လှိုင်ပေါ်တဲ့အချိန်မှာ မှိုတွေ့များတဲ့နေ့ဆိုရင် တစ်ရက်ကို တစ်ပိဿာကျော်ရပါတယ်။ ရွာမှာ ဖောက်သည်ဈေးက မှို ၁၀ သားကို ငွေကျပ် ၁၀၀၀ နဲ့ ရောင်းချနေပါတယ်။ မှိုပေါ်ချိန်က ရက်တိုတော့ ပေါ်ဦးပေါ်ဖြားဆိုရင် ဈေးပိုရပြီး တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀ ကျော်အထိ ရောင်းချရတယ်။ ဒီမှိုက တစ်နှစ်မှ တစ်ခါပဲပေါ်တာ။ ဒီနှစ်ဈေးကောင်းရတော့ မှိုရှာရတာ အဆင်ပြေပါတယ်”ဟု လေးပင်ကျေးရွာမှ မှိုနုတ်ယူရောင်းချသူ ကိုကျော်ကြီးက ပြောသည်။

မင်းဘူးမြို့မဈေးမှ မှိုရောင်းချသူတစ်ဦးကလည်း “ဈေးထဲမှာ လက်ရှိမှိုပေါက်ဈေးက ရွာဘက်တွေနဲ့တော့ မတူဘူး။ ရွာဘက်ကနေ ဖောက်သည်ဈေးနဲ့ မှို ၁၀ ကျပ်သားကို ငွေကျပ် ၁၀၀၀ နဲ့ဝယ်ယူရပြီး မှိုအငုံဆိုရင်ကျပ် ၁၅၀၀၊ အပွင့်ဆိုရင် ငွေကျပ် ၁၂၀၀ နဲ့ ပြန်လည်ရောင်းချကြပါတယ်။ မှိုပေါ်ခါစအချိန်ဆိုရင် ဖောက်သည်ဈေးကို တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ ကျော်နဲ့ ဈေးကောင်းပေးဝယ်ယူပြီးတော့ ပြန်ရောင်းရတာ။ အခုက မှိုလှိုင်လှိုင်ပေါ်ချိန်ဆိုတော့ အရောင်းအဝယ်ကောင်းပြီး လူကြိုက်များနေတာပါ” ဟု ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ဒေသအခေါ် ငှက်စွတ်မှို (ခေါ်) မှိုငှက်စိုကို ရာသီစာဟင်းအဖြစ် ကန်စွန်းရွက်၊ ငရုတ်သီးစိမ်းတို့ဖြင့် ရောယှက်ကာ အရည်သောက်၊ အချို၊ အစပ်အရသာမျိုးစုံ ကြော်/ချက်၍ အများဆုံးစားသုံးကြပြီး မှိုပေါ်ချိန် ထွက်ခါစ အငုံအဖူးများကို ဈေးကောင်းပေး၍ ဝယ်ယူလေ့ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## မင်းလှမြို့နယ်၌ စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိ

**မင်းလှ အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ပံရေကျော်ကျေးရွာအုပ်စု၌ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတောင်သူများသည် စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ မွေးမြူရေးအောင်မြင်ဖြစ်ထွန်းသလို ဈေးကောင်းရရှိသဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။



လက်ပံရေကျော်ကျေးရွာအုပ်စု၌ ဗောဓိကုန်း၊ နှမ်းကုန်း၊ တာကွေ့ရွာမ၊ ချောင်းသစ်တန်း၊ ကျီးတပင်စသည့် ကျေးရွာခွဲခုနစ်ရွာရှိ၍ စီးပွားဖြစ် ဝက်မွေးမြူသည့်အိမ်ခြေ စုစုပေါင်း ၁၂၀ ခန့်ရှိကြောင်း၊ စီပီ၊ ဂျီအမ်၊ ဂျူး စသည့် ဝက်မျိုးများကို စနစ်တကျ မွေးမြူလျက်ရှိပြီး ဝက်သားခွဲနှင့် မျိုးစပ်ပြီးဝက်မများကိုလည်း ဖြန့်ဖြူးရောင်းချကြကြောင်း သိရသည်။

ဗောဓိကုန်းကျေးရွာနေ စီးပွားဖြစ်ဝက်မွေးမြူရေးခြံပိုင်ရှင် ဦးစိုးအောင်က “လွန်ခဲ့တဲ့ ရှစ်နှစ်ကတည်းက ထိုင်းနိုင်ငံက ဝက်မျိုးတွေကို ဝယ်ယူမွေးမြူခဲ့ပါတယ်။ သားဖောက်ပြီးတော့ ပြန်လည်မွေးမြူခဲ့တာ အောင်မြင်ပါတယ်။ အရင်နှစ်တွေက ဝက်တစ်ကောင်ရောင်းရင် ကျပ်တစ်သိန်းခွဲလောက်ပဲ အမြတ်ရပါတယ်။ အခုနှစ်မှာ ဝက်ဈေးကောင်းနေပြီး ကတ္တားချိန် ၈၆၀၀ ဈေးရနေလို့ ဝက်တစ်ကောင်ကို ကျပ်နှစ်သိန်းကျော်ဝန်းကျင် အမြတ်အစွန်းရနေပါတယ်။ အခုလက်ရှိ ဝက်ကောင်ရေစုစုပေါင်း ၁၄၀ ကျန်ရှိပါတယ်။ ဝက်သားခွဲနဲ့ မျိုးစပ်ပြီးဝက်မတွေလည်း ရောင်းပါတယ်။ တွက်ခြေကိုက်လို့ တောင်သူတွေအားလုံးကိုလည်း မွေးမြူစေချင်ပါတယ်” ဟု ပြောသည်။

**ပေါက်စ(မင်းလှ)**

## မိတ္ထီလာခရိုင်၌ မိုးစပါး မျိုးသန့်မျိုးစေ့ထုတ် လျာထားစိုက်ကေများ စိုက်ပျိုးပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရန်လျာထားသည့် မိုးစပါး (RS-CS) စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စိုက်ကေ ၁၁၀၅ ကေကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင်အတွင်းရှိ စပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးကောင်းမျိုးသန့်များ ပြန်လည်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မိုးစပါး(RS-CS) စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ပြီး မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ်၌ စိုက်ကေ ၁၃၀၊ မလှိုင်မြို့နယ်၌ စိုက်ကေ ၂၅၀၊ သာစည်မြို့နယ်၌ စိုက်ကေ၂၃၀ နှင့် ဝမ်းတွင်းမြို့နယ်၌ စိုက်ကေ ၄၉၅ ကေတို့ကို စိုက်ပျိုးရန် သတ်မှတ်လျာထားပြီး ခရိုင်အတွင်းရှိ ကျေးရွာ ၃၁ ရွာမှ ဒေသခံတောင်သူ ၅၄၈ ဦးက မိုးစပါး (RS-CS) စီးပွားဖြစ် မျိုးသန့်မျိုးစေ့စိုက်ခင်းများကို ဩဂုတ်က စတင်စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ မိုးစပါး (RS-CS) စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စိုက်ပျိုးရာတွင် မနောသုခ မျိုးစေ့ထုတ်စိုက်ကေ ၅၄၅ ကေနှင့် ဆင်းသုခမျိုးစေ့ထုတ်စိုက်ကေ ၅၆၀ တို့ကို စိုက်ပျိုးထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပွင့်ဖြူမြို့နယ်၌ ပဲထောပတ်သီးနှံများ စတင်စိုက်ပျိုး

**ပွင့်ဖြူ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုရက်ပိုင်း မိုးရွာသွန်းမှုကောင်းမွန်ခဲ့မှုကြောင့် ဒေသခံတောင်သူများက ပဲတီစိမ်းသီးနှံစိုက်ခင်းများ ရိတ်သိမ်းပြီးစီးသည့် လယ်မြေများတွင် ဆောင်းသီးနှံအဖြစ် ပဲထောပတ်သီးနှံများကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကာ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲထောပတ်၊ ဖူးစားပြောင်း စသည့်သီးနှံများကို အဓိက စိုက်ပျိုးကြသည်။

ညောင်ပင်စောက်ကျေးရွာမှ ဒေသခံတောင်သူ ဦးကျော်ဆန်းက “မိုးဦးမိုးနဲ့ ပဲတီစိမ်းစိုက်ပျိုးတဲ့တောင်သူတွေက ပဲတီစိမ်းစိုက်ခင်းတွေ သိမ်းဆည်းပြီးလို့ အခုရက်ပိုင်း ရွာသွန်းတဲ့မိုးနဲ့ ဆောင်းသီးနှံအဖြစ် ပဲထောပတ်သီးနှံကို ပြောင်းလဲစိုက်ပျိုးနေကြပါပြီ။ ဒီနှစ်တော့ ပဲထောပတ်သီးနှံမျိုးစေ့ကို ပြီးခဲ့တဲ့နှစ်ထက် ဈေးကောင်းပေးဝယ်ယူပြီး စိုက်ပျိုးနေရတယ်။ ပြီးခဲ့တဲ့နှစ်က ပဲထောပတ်သီးနှံမျိုးစေ့ တစ်တင်းကို ငွေကျပ် ငါးသောင်းဈေးလောက်ပဲရှိတယ်။ ဒီနှစ်က တစ်တင်းကို ငွေကျပ် ရှစ်သောင်းဈေးနဲ့ ဝယ်ယူစိုက်ပျိုးနေရပါတယ်။ အခုလို ပဲထောပတ်သီးနှံ စိုက်ပျိုးရာသီမှာ မျိုးစေ့ဖြန့်ဖြူးရောင်းချနိုင်တဲ့ တောင်သူတွေကတော့ ဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြပါတယ်”ဟု ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ ကျရောက်သည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ သက်ဆိုင်ရာ ခန်းမအသီးသီး၌ ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင် ဆုတံဆိပ်ရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး(အပေါ်ပုံ)ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip နှင့် ခင်းကျင်းပြသထားသော ပြခန်းများကို လိုက်လံကြည့်ရှုသည်။ **သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ မဟာဇနက ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေး သာသနာ့ရိပ်သာ ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဏ္ဍိတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်းကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည် ပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျီကုန်းမစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီး(တောင်)ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနာ့ရံသီ ပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာဇေယျုကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဇော်လှိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် သီရိရတနာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (ဒုန်တော)ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သာမဏေများအတွက် ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများကို ဆပ်ကပ်လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလတွင် ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာသင်တိုက်များသို့ လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အာဆင်နယ်တို့ အိမ်ကွင်းမှာ စပါးကို ဂိုးပြတ်အနိုင်ယူကာ အမှတ်ပေးဇယားဆက်လက်ဦးဆောင်

**ရန်ကုန် အောက်တိုဘာ ၁**



ပရီမီယာလိဂ်ပွဲစဉ် (၉) ၏ အစောဆုံးပွဲစဉ်မှ အာဆင်နယ်နှင့် စပါးအသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၁ ရက် ညပိုင်းက အာဆင်နယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်တွင် အာဆင်နယ်အသင်းရော စပါးအသင်းပါ နိုင်ပွဲရရှိရန် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

ဦးဆောင်ဂိုးကို အာဆင်နယ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင် ကွင်းလယ်ကစားသမားပါတေးက လှလှပပသွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် စပါးအသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၃၁ မိနစ်တွင် ပယ်နယ်တီကန်ခွင့် ရရှိခဲ့သည်။ ဆွန်ဟောင်မင်၏ ကြိုးစားအားထုတ်မှုမှ အစပြုရရှိလာသည့် အဆိုပါ ပယ်နယ်တီကို အသင်းခေါင်းဆောင် ဟယ်ရီကိန်းက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် တစ်ဖက် တစ်ဂိုးစီဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

ပွဲချိန် ၄၉ မိနစ်တွင် အာဆင်နယ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဂျီးဆပ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၂ မိနစ် တွင် စပါးအသင်းမှ အီမာဆန် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ထို့နောက်တွင် စပါးအသင်း သိသိသာသာ ကစားအားကျသွားခဲ့ကာ အာဆင်နယ်အသင်းက ဂိုးအသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ အာဆင်နယ် အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် ဇာကာက သွင်းယူပေးခဲ့သည်။

ယခုနိုင်ပွဲကြောင့် အာဆင်နယ်အသင်းသည် လိဂ်ရစ်ပွဲ ကစားပြီး ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ စပါးအသင်းက ယခုနှစ်ရာသီ ပထမဆုံးရှုံးပွဲနှင့် ကြုံတွေ့ခဲ့ပြီဖြစ်သည်။

အခြား ပွဲစဉ်များတွင် ဘုန်းမောက် နှင့် ဘရန့်ဖို့ဒ် ဂိုးမရှိ သရေကျပြီး ချယ်ဆီးက အဝေးကွင်း၌ ပဲလေ့စ်ကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။ နယူးကာဆယ်က ဖူဟမ်ကို လေးဂိုး - တစ်ဂိုး၊ အဲဗာတန်က ဆောက်သမ်တန်ကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင် ရသည်။ လီဗာပူးနှင့် ဘရိုက်တန်တို့ပွဲမှာ သုံးဂိုးစီသရေဖြစ်ခဲ့သည်။ ဝက်စ်ဟမ်း က ဝုဖ်ကို နှစ်ဂိုး - ဂိုး မရှိဖြင့် အနိုင်ရသည်။ **အောင်ဇော်**

## ပြည်ချစ်ပန်းတို့ သက်သေတည်

(၁)

နယ်မြေစိုးမိုးရေး၊ လုံခြုံရေးကို
အလေးပေးလျက်၊ လက်ချင်းယှက်၍
တွဲလက်ညီတူ၊ များပြည်သူသို့
ကူညီပါရစေ၊ ဝန်ဆောင်လေ၍
ကျနေအန္တရာယ်များ၊ ဆီးကာတားလျက်
အများသူငါ၊ အေးချမ်းသာအောင်
ရွက်ကာပြည်ကျိုး သူသယ်ပိုး . . . .။

(၂)

ခိုးဆိုးလုနှိုက်၊ လူတစ်သိုက်အား
လိုက်ကာဖမ်းကာ၊ နှိမ်နင်းပါရင်း
ရရာကွင်းဆက်၊ အချက်အလက်တို့
ယှက်နွှယ်ဆန်းစစ်၊ အမှန်ဖြစ်စေ
မူးယစ်ဆေးဝါး၊ ဘိန်းဖြူအားလည်း
ဆီးတားချေဖျက်၊ တိုင်းပြည်တွက်လျှင်
မပျက်တာဝန် ကျေပွန်ကြ . . . .။

(၃)

နှစ်ထောင့်နှစ်ဆယ့်တစ်၊ ဖေလတစ်တွင်
ယစ်မူးအာဏာ၊ မဲမသမာကြောင့်
ကြုံလာခပ်သိမ်း၊ တိုင်းပြည်ငြိမ်းအောင်
ထိန်းသိမ်းခဲ့ရ၊ ထိုကာလမှ
အစပြုကာ၊ ဆူပူလာသည့်
မသမာအကြမ်းဖက်၊ သူတို့ဖျက်လည်း
အသက်ကိုနှင်း၊ ပေးဆပ်ခြင်းဖြင့်
မယွင်းတာဝန် ကျေခဲ့ကြ . . . .။

(၄)

ငါနှင့်မတူ၊ ငါ့ရန်သူဟု
အယူကိုင်စွဲ၊ ဝါဒမဲ့နှင့်
မိုက်မြဲမိုက်ကာ၊ လူသတ်လာ၍
သာသနာမချန်၊ ဝန်ထမ်းမှန်လည်း
သတ်ရန်ဝန်မလေး၊ သောင်းကျန်းဘေးကြောင့်
သက်ပေးကာကွယ်၊ ထိုရန်စွယ်ကို
ကယ်တင်ထောက်မ ပေးဆပ်ကြ . . . .။

(၅)

ဘယ်သူတက်တက်၊ ရှေ့လှမ်းဆက်ခဲ့
ဘယ်သူဖျက်ဖျက်၊ အပြုံးမပျက်ခဲ့
လမ်းဆက်လျှောက်ကာ၊ ချီတက်ပါရင်း
များစွာအခက်အခဲ၊ ကြုံတွေ့ရလည်း
ဒုက္ခများလှ၊ ရင်ဆိုင်ရလည်း
မမှုပါပဲ၊ လျှောက်လှမ်းမြဲ၍
ခဲကာအားမာန်၊ စွမ်းရည်မှန်လျက်
ရှင်သန်ဖွင့်လှစ်၊ ငါးဆယ့်ရှစ်သို့
ခရီးသစ်လမ်း ဖောက်ကာလှမ်း . . . .။

(၆)

ဩော် –
ပြည်ချစ်ပန်းများ၊ ဖူးပွင့်အားဖြင့်
လှုပ်ရှားစိုးမိုး၊ ဘေးရန်အမျိုးမျိုးအား
ထိုးဖောက်ကာကွယ်၊ တိုင်းနယ်ပယ်တွင်
သယ်ရွက်ထမ်းပိုး၊ ပြည့်အကျိုးကို
တိုး၍ထမ်းကာ၊ ကျေပွန်စွာဖြင့်
ပေးကာအသက်၊ စွန့်လွှတ်လျက်ဖြင့်
ပေးဆက်နေဆဲ၊ ငါတို့ရဲသည်
ထဲထဲဝင်ဝင်၊ ခရီးနှင်၍
ချစ်ခင်လေးစား၊ ပြည်သူ့အားကို
ကိုးစားယုံကြည်၊ သက်သေတည်၍
ရောင်ခြည်အလင်း ထွန်းတောက်မည်။
ပြည်ချစ်ပန်းတွေ ပွင့်ဝေစီ။ ။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုရေးဖွဲ့ပါသည်။

ရဲမင်းစိုး

# သထုံမြို့ အထက(၂)ကျောင်းဝင်းအတွင်း အဆောက်အအုံဆောက်ရန် မြေတူးရာမှ ရှေးဟောင်းအုတ်ခွက်ဘုရားများ တွေ့ရှိ

သထုံ အောက်တိုဘာ ၁

**မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရွှေစာရံဘုရားလမ်းရှိ အ-ထ-က(၂) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေတူးရာမှ မုဒြာပုံစံ အမျိုးမျိုးတို့ဖြင့် ရုပ်လုံးပေါ် ရှေးဟောင်း အုတ်ခွက်ဘုရားများနှင့် အကျိုးအပဲ့ စုစုပေါင်း ၂၁၀ ကျော်ကို စက်တင်ဘာ ၃၀ ရက်က တူးဖော်တွေ့ရှိခဲ့ရကြောင်း သိရသည်။**



"ကျောင်းဝင်းထဲမှာ အဆောင်သစ်ဆောက်ဖို့ မြေတူးရင်း ပေါ်လာတာပါ။ လောလောဆယ်စစ်ပြီးတာတော့ အုတ်ခွက်ဘုရား အချပ် ၂၁၀ လောက်ရှိပြီ။ သန့်ရှင်းရေးလုပ်ဖို့ ကျန်သေးတာတွေလည်း ရှိသေးတယ်။ ဒါတွေကို ရှေးဟောင်းသုတေသနက တာဝန်ရှိသူတွေဆီ အပ်နှံမှာဖြစ်ပြီးတော့ သူတို့အစီအစဉ်အတိုင်း ဆောင်ရွက်မှာပါ" ဟု မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ရှေးဟောင်းအုတ်ခွက်ဘုရားများ တွေ့ရှိရာသို့ သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူတို့က လာရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။

ယခုတူးဖော်တွေ့ရှိခဲ့သည့် အုတ်ခွက်ဘုရားများမှာ ယခင် ၂၀၁၅ ခုနှစ် ဇွန် ၁၅ ရက်၊ ဇူလိုင် ၁၅ ရက်၊ ဩဂုတ် ၈ ရက်နှင့် စက်တင်ဘာ ၁၅ ရက်တို့တွင် စတုဘုမ္မိကမဟာသတိပဋ္ဌာန် (ငှက်တွင်း) ကျောင်းတိုက်ဝင်းအတွင်း၌ တူးဖော်တွေ့ရှိခဲ့သည့် အုတ်ခွက်ဘုရားပေါင်း ၆၅၀ ကျော်၊ အကျိုးအပဲ့ ၉၀၀ နီးပါးတို့နှင့် လက်ရာတူ ပုံစံတူအုတ်ခွက်ဘုရားများဖြစ်ပြီး ထိုအုတ်ခွက်ဘုရားများမှာ ပုဂံခေတ်ထက် စောနိုင်ကြောင်း၊ လက်ရာများမှာ အိန္ဒိယအရှေ့တောင်ပိုင်း ယခုဘင်္ဂလားနယ်ထဲ၌ ထွန်းကားခဲ့သည့် (Pala-Sena Period) လက်ရာမျိုးဟု ယူဆရကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးစံဝင်းက ထိုစဉ်က မှတ်ချက်ပြုပြောကြားထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကလည်း အ-ထ-က(၂) ကျောင်းအတွင်း၌ အုတ်ခွက်ဘုရားပေါင်း ၁၀၀၀ ကျော်ကို တူးဖော်တွေ့ရှိခဲ့ရဖူးကြောင်း၊ ဒုတိယအကြိမ်တွင် ငှက်တွင်းကျောင်းတိုက်ဝင်းအတွင်း၌ အဆူရေ ၁၀၀၀ ကျော်၊ တတိယအကြိမ်တွင် ငှက်တွင်းကျောင်းတိုက်အနီး မြန်မာနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း၌ အဆူရေ ၂၄၀ ကျော်တွေ့ရှိခဲ့ရဖူးပြီး ယခု တူးဖော်တွေ့ရှိသော ရှေးဟောင်းအုတ်ခွက်ဘုရားများမှာ စတုတ္ထအကြိမ် တူးဖော်တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

နဒီ (ပြန်/ဆက်)

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

**ပူတာအို အောက်တိုဘာ ၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ ကိုယ်ပိုင် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် အောက်ဆန်ဂေါင်ကျေးရွာ၌ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကာလတို လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက်က ကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ မြို့နယ်သမဝါယမဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခေါ်ဒုဒီးဆားရ်က သင်တန်း ထုတ်ကုန်ပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းသူများ၏လက်ရာ သင်တန်းထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးသည်။



အဆိုပါ သင်တန်းတွင် ဆပ်ပြာထုတ်လုပ်နည်း ၁၀ မျိုးတို့ကို ခရိုင်အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ နည်းပြများက စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့်လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ အခမဲ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများကိုလည်း ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခမဲ့ထောက်ပံ့ပေးခဲ့ကာ သင်တန်းသို့ အောက်ဆန်ဂေါင်ကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

## ဇီးကုန်းမြို့နယ်၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**ဇီးကုန်း အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်မှ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့များအတွက် လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃၀ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး သာယာဝတီခရိုင် အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအကြောင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးသည်။

သင်တန်းတွင် လူကုန်ကူးမှုဖြစ်ပွားစေနိုင်သည့် အကြောင်းအရာများ၊ လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် ရပ်ကွက်ကျေးရွာများအတွင်း ကလေးသူငယ်များ လူကုန်ကူးမှုကျူးလွန်ခံရခြင်း မရှိစေရေး၊ အဓမ္မလုပ်အား ခိုင်းစေခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် အဓမ္မပြည့်တန်ဆာပြုလုပ်ခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ အကူအညီတောင်ခံနိုင်ကြောင်းတို့ကို ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင် သင်တန်းသား ၁၁၈ ဦးတက်ရောက်ကာ သင်တန်းကာလမှာ အောက်တိုဘာ ၂ ရက်အထိဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## လွိုင်လင်မြို့၌ ၂၅ ခုတင်ဆံ့တိုင်းရင်းဆေးရုံ ရာနှုန်းပြည့် တည်ဆောက်ပြီးစီး

**လွိုင်လင် အောက်တိုဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးသွားသဖြင့် ခရိုင် တည်ဆောက်ရေး လုပ်ငန်းအရည်အသွေးစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ခရိုင်တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေး ကော်မတီဥက္ကဋ္ဌအား တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ်ကြီး ဒေါ်ဖြိုးဝေထွန်းနှင့် တင်ဒါအောင်မြင်သောကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ရန် မှာကြားသည်။ အဆိုပါ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (လွိုင်လင်)သည် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၄ ပေရှိ တစ်ထပ် အာစီအမျိုးအစားဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## တန့်ယန်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တန့်ယန်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်နယ်ဦးစီးမှူးက စက်တင်ဘာ ၂၉ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ရှိသူများက တန့်ယန်းမြို့နယ်အတွင်းရှိ မန်ကျောင်း - မန်လုံကျေးရွာ ကုန်ထုတ်လမ်း၊ ကွန်ကောက်ကျေးရွာ ရေရရှိရေးလုပ်ငန်း၊ မန်ကောင်း(ဝမ်တောင်) ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းဖြစ်သည်။

မန်ကျောင်း-မန်လုံကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် ငါးဖာလုံ၌ အကျယ် ၁၂ ပေ မြူန်းကျောက်ခင်းခြင်းလုပ်ငန်းကို ဌာနခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၇၃ သန်း၊ စိမ့်စမ်းရေပိုက်လိုင်းအရှည် သုံးမိုင်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဌာနခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၅၈၈ သန်း၊ မန်ကောင်း(ဝမ်တောင်)ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၇၈၀ ၌ အကျယ် ၁၂ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၅၇ သိန်းတို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

နီလာ

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၄၅ | ၂၇၆၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၁၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၅ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၄၃၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၄ | ၂၀၁၆ |
| 95 Ron | ၂၀၁၂ | ၂၀၈၆ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၄၂၉ | ၂၅၀၇ |
| HSD (10 ppm) | ၂၄၂၉ | ၂၅၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDFအမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်

**နေပြည်တော် အောက်တိုဘာ ၁**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ကျောင်းသားဆရာ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူ ပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။






မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

**PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ပစ်ခတ်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၅ နာရီ မိနစ် ၅၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့သဖြင့် ကျောင်းဆောင်ရှိ ပြတင်းပေါက် တံခါးများ ပျက်စီးကာ ကျောင်းအဆောက်အဦများ၌ လက်နက်ကြီး/လက်နက်ငယ် ကျည်များ ထိမှန်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

**အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိ**

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သပိတ်ကျင်းမြို့နယ် မင်းကုန်းကျေးရွာရှိ တောင်ယာတဲအတွင်း၌ အပြစ်မဲ့ပြည်သူ သုံးဦးအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ဆယ်ဇင်းကုန်း ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၏ အရှေ့ဘက်(၅)မိုင်ခန့်အကွာရှိ တောင်ယာတဲ၌ နေထိုင်လျက်ရှိသော မိသားစုအား စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် ၅ နှစ် ကလေးငယ်တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကာ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မင်းကုန်းကျေးရွာ ၏ အရှေ့ဘက် (၅)မိုင်ခန့်အကွာရှိ တောင်ယာတဲ၌ ဦးရင်မောင်နှင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသင်း၊ သားဖြစ်သူ အသက် ၅ နှစ်အရွယ် မောင်ဆန်းသစ်အောင်တို့ ရှိနေစဉ် မွန်းလွဲ ၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဒလန်ဟု စွပ်စွဲကာ သေနတ်ဖြင့် ပစ်ခတ်၊ ဓားဖြင့် ခုတ်ကာ အကြောင်းမဲ့ သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့အကြောင်းမဲ့သတ်ဖြတ်ခဲ့ခြင်းကြောင့် ဦးရင်မောင် နှင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသင်းတို့မှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး အသက် ၅ နှစ်အရွယ် မောင်ဆန်းသစ်အောင်မှာ လက်ဖျံနှင့် လက်မောင်းကျည်ဖောက်ဝင် ဒဏ်ရာများ အပြင်းအထန်ရရှိခဲ့ကြောင်း သိရှိရသည်။ ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်အား နယ်မြေခံပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အေးချမ်းစွာနေထိုင်သော မိသားစုအား အကြောင်းမဲ့ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများ



ကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် စျေးတန်း(၁၁)ရပ်ကွက်နေ သစ်ဆန်းဦး(ခ)အဲငယ်သည် ၎င်းအသုံးပြုသည့် “Thisoo Sun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းတောင်ရပ်ကွက်နေ ပြည့်ညွန့်သည် ၎င်းအသုံးပြုသည့် “Pyi Nyunt” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ အောင်ကိုကို(ခ)ခိုလေး၊ သန့်ဇင်ဦးနှင့် ဟိန်းထက်တို့သည် ၎င်းတို့အသုံးပြုသည့် “Aung Ko Ko” Facebook အကောင့်၊ “Thant Zin Oo” Facebook အကောင့်၊ “Hein Htet” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဖော်ထုတ်အရေးယူမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အရှေ့ပိုင်းခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့က သဃ်န်းကျွန်းမြို့နယ် (င/ခ) ရပ်ကွက် ပြည်ထောင်စုလမ်း အမှတ် (၂၉) ရှိ ကားပစ္စည်းများ ရောင်းဝယ်ရေးဂိုဒေါင်၌ သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၈၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာပတ်လမ်း ကြိုးတံတားမီးပွိုင့် အနီး၌ တရားမဝင် ကျွန်းတံခါးချပ်များ သုည ဒသမ ၃၄၉၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၀,၆၀၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော TOYOTA Probox အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၆၈၆၀၄) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖျာပုံမြို့ အမှတ်(၂)ရပ်ကွက် သျှင်ရဲထွဋ် လမ်းသွယ်အတွင်း၌ ပိုင်ရှင်မဲ့ တရားမဝင် လိုင်စင်မဲ့ TOYOTA SUCCEED အမျိုးအစား မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၃၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား(ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Yutong Bus အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၁၁၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့၌ လိုင်စင်မဲ့ KENBO 125 အမျိုးအစား မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်း တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၉၇ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၈၆၂၈၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၉ ရက်၊ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၁) မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၈၅၆၄၈၈၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ငွေကျပ်သိန်း၆၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၃ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ငွေကျပ်သိန်း ၆၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၃ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက် ည ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဦးရေခဲလမ်းပေါ်တွင် မောင်မောင်ရွှေ (ခ)မောင်ရွှေ မောင်းနှင်လာသော TOYOTA Hilux Surf မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ၎င်း ငှားရမ်းအသုံးပြုသည့် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် (၈) လမ်းနှင့် မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် အောင်မေတ္တာလမ်းရှိ တိုက်ခန်း နှစ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄ သိန်းနှင့် မြန်မာငွေကျပ် သိန်း ၂၀ ထပ်မံတွေ့ရှိသဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း။(ဓာတ်ပုံ)



အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အနန္တသုခ လမ်းမပေါ်တွင် အောင်ကျော်ဇင်သက် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ နှင့် ပွိုင့် ၃၂ ပစ္စတိုသေနတ် တစ်လက် သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေထိုင်သည့် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်ဒီပါလမ်းရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၁၄၅ သိန်းနှင့် TOYOTA LAND CRUISER PRADO မော်တော်ယာဉ် တစ်စီး ထပ်မံတွေ့ရှိသဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၄၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၂ သိန်းကျော် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ်းလွန်ပင်လယ်ပြင် လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ဖခင်အမည်မှန်

တမူးမြို့၊ အထက(၁) အဋ္ဌမတန်းမှ မရွှေပိုးအိမ်၊ ဆဋ္ဌမတန်းမှ မပီတီချိုတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းလင်း ၅/တမန(နိုင်)၀၆၃၄၆၁ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မစောသီရိဝင်း ၅/ ယမပ (နိုင်)၁၄၈၄၂၉ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၀၄၀၄၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဝင်းထွန်း ၃/မဝတ(နိုင်)၀၀၄၄၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၅၈၅၉၇၈

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းသန်းသန်းစိုး ၃/ပကန (နိုင်)၀၀၂၉၉၈၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၅၆၆၇၃၀

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၈၅၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၁၀/မဒန (နိုင်) ၀၉၈၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်းအောက် ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၅၇၁၄၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေစိုးဦး ၁၀/ခဆန(နိုင်) ၁၂၃၃၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7128,KA BA KYAW L/T(1) TON , P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၁၂/အစန(နိုင်)၁၅၇၁၈၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/57116, Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်း ၉/မရတ(နိုင်)၁၂၀၂၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မြင့် ၁၄/မအပ(နိုင်)၀၀၄၁၀၁ မှ ဒေါ်လှလှခိုင် ၁၂/သကတ(နိုင်)၁၃၄၈၀၄ ထံသို့ နိုထရီပဗ္ဗလစ် ဦးတင်ထွန်းထံတွင် ၆-၅-၂၀၁၀ ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(9613/2010)ကို ၁-၁၀-၂၀၂၂ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဒေါ်ခင်မြင့် | ဒေါ်ထက်မြတ်စိုး LL.B |
| ၁၄/မအပ(နိုင်)၀၀၄၁၀၁ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇) |
